


စိတ်ကူးချိုချိုအနုပညာ
ပီ-မိုးနှင်း
ဝတ္ထုပြဒေဿာအမှတ်-၂



mgyoe.com

mgyoe.com

စကားလုံးအသုံးအနှုန်း လွယ်လွယ်နှင့်
လိုရင်းကို ထိထိမိမိရေးနိုင်သော
ကွယ်လွန်သူ ဆရာကြီး ပီ-မိုးနင်း၏
ပြောင်မြောက်သော အရေးအသားကို
ဖတ်ရှု လေ့လာ မှတ်သား ခံစားဖွယ်
ဝတ္ထုတိုများ စုစည်းမှု ဒုတိယတွဲ။

ပီမိုးနှင်း ဝတ္ထုပဒေသာစာအမှတ် ၂

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၀၄၀၁၀၇ နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၂၇၀၂၀၇ တို့ဖြင့်
မျက်နှာဖုံးဒီဇိုင်းကို (ပန်းချီအောင်ကျော်)ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၇ ခု၊ ဧပြီလတွင်
တန်ဖိုး : ဖြန့်ချိသည်။
(ပီမိုးန 1200 K ည်ဖြင့် ကြီးပွားရေးစာအုပ်တိုက်၏ မူ)

စာအုပ်ချုပ် - ကိုမြင့်

mgyoe.com

mgyoe.com

# မာတိကာ

| | | |
|---|---|---|
| ၁။ | လူထုဦးလှ၏ မိတ်ဆက်အမှာ | ၁ |
| ၂။ | မော်တော်ကားတောဝါ | ၃ |
| ၃။ | ညတစ်ည | ၇ |
| ၄။ | ကြက်မကြီး | ၁၂ |
| ၅။ | မွေးသမိခင် | ၂၆ |
| ၆။ | ကြည့်ဆစ် | ၃၂ |
| ၇။ | ငယ်ကအချစ် | ၄၀ |
| ၈။ | ဆရာကြီး | ၄၈ |
| ၉။ | ကြွေးဟောင်းငွေ | ၅၅ |
| ၁၀။ | မိန်းမရှုပ် | ၆၀ |
| ၁၁။ | ရွှေဖြစ်သူ | ၆၉ |
| ၁၂။ | လုပ်ဆန်း-လုပ်ဆန်း | ၇၆ |
| ၁၃။ | လောလောဆယ် | ၈၂ |
| ၁၄။ | စွန့်စားသူ | ၈၈ |
| ၁၅။ | ညထဲစွမ်းကုန် | ၉၆ |
| ၁၆။ | တိုးတက်နည်း | ၁၀၆ |
| ၁၇။ | နံပြားနဲ့ ကုလား | ၁၁၆ |

mgyoe.com

၁၈။ လောကစည်းစိမ် ၁၂၂
၁၉။ အချစ်များ ၁၂၈
၂၀။ ရောယှိမ်းလိုက် ကုလားသိမ်းလိုက် ၁၃၈
၂၁။ သူ့ထုံးစံ၊ ကိုယ့်ထုံးစံ ၁၄၆
၂၂။ လန်ချားနှင့် အဝတ် ၁၅၁
၂၃။ ကားတင်မှု ၁၆၀
၂၄။ ကစားသမား ၁၆၇
၂၅။ မကောင်းညာထိန်နှင့် ဘေးဒဏ် ၁၇၃
၂၆။ အငယ်ကြိုက်သူ ၁၇၈
၂၇။ ကြံပလေ ၁၈၅
၂၈။ သတ်မယ်လို့ ၁၉၂
၂၉။ ငွေတစ်သောင်းကျော် ၁၉၈
၃၀။ ငွေမက်သူ ၂၀၆
၃၁။ ခေါင်းနှစ်လုံး ၂၀၃


○

mgyoe.com

mgyoe.com

ကြီးပွားရေးစာအုပ်တိုက်မှ
ပီမိုးနင်းဝတ္ထုတိုများဟူ၍ စုစည်းထုတ်ဝေခဲ့စဉ်က

# မိတ်ဆက်အမှာ

ဆရာကြီး ပီမိုးနင်း ကွယ်လွန်သွားသည်မှာ နှစ်ပေါင်းအတော်ကြာပြီ ဖြစ်သော်လည်း ဆရာကြီးပီမိုးနင်း၏ စာအုပ်များကား ထွက်လျက်ပင်။ မြန်မာစာပေခေတ်သစ် ပြောင်းလဲရေးတွင် ပယောဂ အများဆုံးပါသော ဆရာကြီးပီမိုးနင်း၏ စာများမှာ မရိုးနိုင်။ ကျမ်းများရေးသားရာတွင် လည်းကောင်း၊ ဝတ္ထုတို ဝတ္ထုရှည်များ ရေးသားရာတွင်လည်းကောင်း စကားလွယ်လွယ်နှင့် လိုရင်းရောက်အောင် ရေးလေ့ရှိသော 'မူ'တစ်မျိုး ကို ဆရာကြီးပီမိုးနင်း လက်ကိုင်ထားလေသည်။

ဤဝတ္ထုကော်ပီများကို ပဲရှော့ဦးဆန်နီထံမှ ရရှိသည်မှာ စစ်ကြီး မတိုင်မီကပင်ဖြစ်၏။ ကျွန်ုပ်တို့နှင့်အတူ မန္တလေးမှ ပုံနှိပ်ထုတ်ဝေသူ မိတ်ဆွေတစ်ဦးအားလည်း ဆရာကြီး၏ ကျမ်း နှစ်စောင်သုံးစောင်ကို ပုံနှိပ်ထုတ်ဝေရန် ပဲရှော့ဦးဆန်နီက ပေးဖူးလေသည်။ သို့ရာတွင် ဂျပန် ဗုံးမီးတွင် ထိုပုဂ္ဂိုလ်၏တိုက် မီးထဲပါသွားရာ၌ ၎င်းကော်ပီများမှာ ပျက် စီးသွားလေပြီ။ ထိုပုဂ္ဂိုလ်ပင် ဂျပန်ခေတ်၌ အနိစ္စရောက်သွားလေပြီ။

ကျွန်ုပ်တို့သည် စစ်ကြီးမတိုင်မီက ဆရာကြီးပီမိုးနင်း၏ ဝတ္ထု ရှည်နှင့်ကျမ်းများကို အတော်အတန် ရိုက်နှိပ်ခဲ့ဖူးပါ၏။ ယခုခေတ်တွင်မူ ယခုမှပင် စာအုပ်လုပ်ငန်းများကို ပြန်၍ စရလေရာ ဟန်ကျပန်ကျ ဟူ၍ ဤတစ်အုပ်သာ နှိပ်ရပေသေးသည်။

mgyoe.com

mgyoe.com

ဆရာကြီးရေးသားသော ဤဝတ္ထုတိုများကို ဖတ်ရှုရခြင်းဖြင့်ဆရာကြီး ရေးပုံရေးနည်းကို လေ့လာလိုသော စာရေးဆရာ လူငယ်များအဖို့ အထိုက်အလျောက် အထောက်အပံ့ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ဤစာအုပ်ကို ထုတ်ဝေရာတွင် ဤရည်ရွယ်ချက်မှာ တစ်ခု ဖြစ်ပါသည်။ ၁၉၃၆ ခုနှစ်လောက်က ဆရာကြီးမဟာဆွေ၏ ဝတ္ထုတိုများကို စုပေါင်း၍ အလားတူ ထုတ်ဝေခဲ့ဖူးပါသေးသည်။

ဆရာကြီးပီမိုးနင်း မကွယ်လွန်မီ လေးနှစ်လောက်တွင် ကျွန်ုပ်တို့နှင့် အတော်ရင်းရင်းနှီးနှီး ပေါင်းသင်းရရာ တစ်ခါတွင် "ကျုပ်တော့ လမ်းသွားလည်း စဉ်းစား၊ အိမ်နေလည်း စိတ်ကူး၊ တစ်ခါတလေများ ဓာတ်ရထားလမ်းအလယ်မှာ မေ့ပြီးများ ရပ်နေမိတယ်။ တစ်နေ့နေ့တော့ ကားတိုက်လို့ သေလိမ့်မယ်ထင်တယ်"ဟု ပြောဖူးပေသေး၏။ ထိုအခါကာလက ဘတ်စ်ကားသမားများမှာ ယခင်အခါ အခုအခါကဲ့သို့ ကြမ်းကြ ရမ်းကြသည်ပင်။

ထိုခေတ် ကားဆရာများ၏ သဘာဝကို ဆရာကြီးပီမိုးနင်းသည် 'မော်တော်ကားတောဝါ'ခေါ် ဝတ္ထုတိုကလေးဖြင့် ဖော်ထုတ်ခဲ့လေသည်။ ၎င်းကိုယ်တိုင်မှာလည်း ဆူးလေဘုရားလမ်းတွင် ဆိုက်ကားတိုက်သော ဒဏ်ရာဖြင့် ကွယ်လွန်ရလေသည်။ ဆရာကြီး ပြောဖူးသော စကား၊ ရေးသော ဝတ္ထုတို့နှင့် အနိစ္စရောက်ရပုံများကို ဆက်စပ်ကြည့်မိသောကြောင့် ကျွန်ုပ်တို့သည် ဤ'မော်တော်ကားတောဝါ'ဝတ္ထုတိုကလေးကို တမင်ပင် အစီအစဉ်နံပါတ်တစ်က ထည့်လိုက်ပါသည်။

မောင်လှ
ကြီးပွားရေးစာအုပ်တိုက်

mgyoe.com

mgyoe.com

# မော်တော်ကားတောဝါ

မောင်ငွေခိုင်သည် ဆူးလေဘုရားလမ်း၌ ညနေငါးနာရီခန့်အချိန်တွင် ရှုပ်ယှက်ခတ်၍နေသော မော်တော်ကားတွေကို ကြည့်ကာ စဉ်းစား၍ နေလေ၏။

တောရွာများ၌ တစ်ခါတစ်ရံ ကျားထ,သည်ဟူသော သတင်းများ ဖြစ်ပွားသည့်အခါ ရွာနီးခြောက်စပ် အရပ်ရပ်အနယ်နယ်တို့မှာ ကြီးစွာ ထိတ်လန့်ခြင်းဖြစ်ကြသည်ကို သတိရလေ၏။ ကျားခြေရာတစ်ခု ရွာအနီးအနား၌တွေ့ရလျှင် တစ်ရွာလုံး သိမ့်သိမ့်တုန်အောင် လှုပ်ရှားခြင်း ဖြစ်ကြသည်ကို စဉ်းစားမိ၏။

သို့သော်လည်း ထိတ်လန့်ကြောက်ရွံ့ခြင်းများသည် ရန်ကုန်မြို့၌ ယခုအခါ ကားထ,သလောက်၊ ကြောက်မက်ဖွယ်ရာမကောင်းသည်ကို တွေးမိ၏။ တောရွာများ၌ ကျားထခြင်းသည် ရန်ကုန်မြို့၌ ကားထခြင်း နှင့်စာသော် မော်တော်ကားမှာ မျက်လုံးပြူးပြူးနှင့် ဘီလူး၊ ကျားမှာ မှင်စာမျှကဲ့သို့ ခြားနားသည်ကို ဆင်ခြင်မိလေ၏။

mgyoe.com

mgyoe.com

အကြောင်းမူကား သတင်းစာများအရ ကားတိုက်သဖြင့် သေကြေပျက်စီးသူအရေအတွက်သည် အဆရာထောင် ပိုမို၍များနေလေ၏။

ခြေကျင်၊ လန်ချားနှင့် သွားနေရသူ လူအများတို့မှာ ဘေးအန္တရာယ်သည် လွန်စွာမှ ကြီးလှပေသည်တကား။ ကားတိုက်လို့သေ၊ ခိုက်လို့သေ၊ စီးနင်းလိုက်ပါရင်းပင် ကျိုးပဲ့၍ သေကြေကြရပေသည်တကား။ ကြောက်မက်ဖွယ်ကောင်းလှသော ခေတ်ကြီးပေတကား။ မြတ်စွာဘုရားလက်ထက်တော်အခါ၌ ဤကားတွေ ယခုလိုရှိကြချေက မော်တော်ကားတော၀ါဟု ယောကော မော်တော်ကားကို အကြီးဆုံးသောရန်သူတစ်ပါးဟု စာရင်းသွင်းတော်မူမည် မလွဲပေတကား။ ငါ့မှာ သွားလာရာကြံရသော အလုပ်ကို လုပ်ရသူဖြစ်သည့်အတွက် ဒီရန်ကုန်မြို့မှာကြာလျှင် တစ်နည်းနည်းနှင့် မော်တော်ကားဘေးသင့်မှာပဲ စသဖြင့်တွေးတောဆင်ခြင်ကာ များစွာ တုန်လှုပ်ချောက်ချားခြင်း ဖြစ်လေ၏။ အကြောင်းမူကား မောင်ငွေခိုင်သည် သေမှာကို လွန်စွာကြောက်ရွံ့သူတစ်ယောက် ဖြစ်သဖြင့် အသက်အာမခံကိုယ်စားလှယ်များ အိမ်ကို၀င်လျှင် အိမ်ကို လင်းတနားသည်ထက် ပိုမိုကြောက်ရွံ့လေ၏။

သို့ဖြစ်လေရာ ထိုမော်တော်ကားဘေးမှ လွတ်ရအောင် အဘယ်ပုံလုပ်ရမည်နည်းဟူသောအကြောင်းကို တစ်နေ့မပြတ် ကြံစည်လေ၏။ ဆရာသမားဟူသမျှနှင့် တွေ့ရလျှင် မော်တော်ကားအတွက် အကာ၊ စပယ်ရှယ်လက်ဖွဲ့၊ အင်းအိုင်မန္တာန်၊ ဆေး၀ါးရှိသလားဟု တောင်းပန်လေ့ရှိ၏။ သို့သော်လည်း အဘယ်မှာမျှ ထိုနည်းလမ်းကို ရှာကြံ၍မရ၊ သတိနှင့် ခြေလှမ်းပေါ်မှာ လျှောက်ခြင်းမှတစ်ပါး အခြားနည်းလမ်းမရှိဖြစ်လေ၏။

သို့သော်လည်း အလုပ်ကိစ္စ များသူတို့မှာ အဘယ်မျှပင် သတိထားစေကာမူ တစ်ချက်ချက်တော့ သတိလစ်မှာပဲဟူသောအကြောင်းကို တွေးမိလေရာ မိမိမှာလည်း အမြဲ ကိစ္စများသူဖြစ်သည့်အလျောက်တစ်နေ့သ၌ ဧကန်ဒိဋ္ဌ သတိလစ်ပြီး မော်တော်ကားဘေးနှင့် တွေ့မှာပဲ

mgyoe.com

ဟု များစွာ ကြောက်ရွံ့လေ၏။ သို့ စိုးရိမ်ခြင်းကြောင့် မော်တော်ကား တိုက်၍ သေရသည်ဟု တစ်ခါနှစ်ခါ အိပ်မက်မက်လေ၏။ ထိုအိပ်မက် ကြောင့် သာလွန်၍ ကြောက်ရွံ့ပြန်လေ၏။

သို့နေရာ တစ်နေ့တခြား အိပ်မက်ကြောင့် ပိုမို၍အကြောက်များ ပြီးလျှင် ပိန်ချုံး၍လာလေ၏။ တစ်နေ့သ၌ လမ်း၌ မော်တော်ကားများ ရှောင်ရင်း အကြံတစ်ခု ရလေ၏။ ထိုအကြံမှာ အိမ်၌ မြင်သာသော နေရာဟူသမျှ၌ မော်တော်ကားဟူသောစကား၊ အိမ်ထဲကအထွက် မော် တော်ကားဟူသော စာလုံးများကို ကပ်၍ထားပြီး အိမ်မှထွက်သည်နှင့် တစ်ပြိုင်တည်း 'မော်တော်ကားတော၀ါ၊ မော်တော်ကားတော၀ါ'ဟူ သော ကမ္မဋ္ဌာန်းကို အမြဲမပြတ် သုံးသပ်ဆင်ခြင်ရန် ဖြစ်လေ၏။

သို့အကြံရ၍ စာများကိုကပ်ပြီးနောက် စိတ်ထဲ၌ အတော်ကလေး ပေါ့ပါးလျက် သက်သာရာရ၍သွားလေ၏။ ဤနည်းအတိုင်းသာ နေ့ စဉ် သတိထားချေက သတိလစ်နိုင်ဖို့ မရှိ။ ဤဘေးမှချမ်းသာ၍ ငါ၏ ကျန်းမာပုံ၊ ငါ၏ အသက်မွေးနေထိုင်စားသောက်ပုံ၊ ငါ၏ ကိုယ်ကျင့် တရားကောင်းပုံ၊ အစစအရာရာ၌ မလွန်မကျူးပုံကိုထောက်လျှင် အသက်ရှည်မှာ အမှန်ပင်။ အသက်ကို ဉာဏ်စောင့်သည်။ သေနေ့ဟူ ၍ သတ်မှတ်လျက်မရှိ။ အဘယ်ဂြိုဟ်တာရာနက္ခတ်မှ ငါ့ကို အန္တရာယ် မပြုနိုင်။ ဉာဏ်သတိကို ပိုင်ပိုင်ထား၊ အစစအရာရာမှာ မမှားစေနှင့် ဟူသော အယူကို မယိမ်းမယိုင် စွဲကိုင်သူဖြစ်လေ၏။

ထိုနေ့ကစ၍ အိမ်မှာ အားလျှင် မော်တော်ကားကို ဆင်ခြင်ထင် မြင်၏။ အိမ်ကထွက်တိုင်း 'မော်တော်ကားတော၀ါ'ဟူသော စာတန်း ရှေ့၌ ခြေစုံရပ်ကာ အသက်ကိုအောင့်ရင်း သုံးမိနစ်တိတိ လက်ပတ် နာရီကိုကြည့်၍ ဆင်ခြင်၏။ သို့မှစ၍ ဆက်ကာ ပထမလှမ်းသော ခြေလှမ်းမှစပြီး မော်တော်ကားတော၀ါဟု ရွတ်ဆိုကာ ထွက်၍သွား၏။ လမ်း၌လည်း စိတ်ကို အခြားသို့မလွင့်ရအောင် 'မော်တော်ကားတော၀ါ၊

mgyoe.com

mgyoe.com

မော်တော်ကားတောဝါ’ဟူ၍သာ စူးစိုက်သောစိတ်နှင့် ရွတ်၍သာ သွားလေ၏။

သို့ရွတ်၍သွားရာ အခါများစွာ ထိုအာရုံ၌သာ စိတ်ဝင်စားလျက် အခြား မည်သည့်အရာကိုမျှ သတိမရဘဲ နေလေ၏။

တစ်နေ့သ၌ ထိုသို့စူးစိုက်သောစိတ်နှင့် မော်တော်ကားတောဝါကို ဆင်ခြင်၍သွားရာ၊ စိတ်သည် ထိုနည်းအတိုင်း အာရုံဝင်ကာနေခိုက်တွင် ဦးခေါင်းအတွင်းသို့ မိုးကြိုးလျှပ်စစ် ဝင်ရောက်၍ ပြက်သည့်အလား ဝင်းခနဲလက်ခနဲ ဖြစ်သွားပြီး ပြန်၍ သတိရသလိုဖြစ်သောအခါ မော်တော်ကားတောဝါဟု လေသံကလေးမျှဆိုပြီး အဆုံးတိုင်သက်၍ သွားရှာလေသတည်း။

၎င်းသည် ထိုအာရုံ၌ စူးစိုက်အားကြီးသဖြင့် လမ်းကူးသို့ရောက်ကြောင်း သတိမထားမိ၊ ကွေ့ဝင်လာသော ကားကိုလည်း မမြင်၊ ဟွန်းပေးသည်ကိုလည်း မကြား၊ စူးစိုက်သော သမာဓိအစွမ်းကြောင့်၊ တောဝါနှင့် တွေ့ရခြင်းဖြစ်လေသတည်း။

❂

mgyoe.com

mgyoe.com

# ညတစ်ည

အငြိမ်းစားဦးဇော်သည် သက်တော်ခြောက်ဆယ်ရှိသော်လည်း ကာလ သားလို တစ်ကိုယ်တည်း အခန်းငှား၍ နေလေ၏။ သားမယားမှာမူ တခြားတစ်နေရာ၌ တင့်တင့်တယ်တယ် နေကြလေ၏။ ထိုကဲ့သို့ တစ်ကိုယ်တည်းနေခြင်းမှာ ဝါသနာဖြစ်သဖြင့် အိမ်မှာ သားမယားနှင့်အတူ တူ ချိုင့်ချိုင့်ဝန်းဝန်းနေဖို့ရန် မည်သူမျှ နားချပြောဟော၍ မရပေ။ မင်းကတော်မှာ အသက်လေးဆယ်ကျော်ကလေးမျှရှိရာ ရုပ်ရည်မှာ အတော်ပင် ဖောသော်လည်း ၎င်းအပေါ်၌ ဦးဇော်မှာ အာသဝေါကုန် သလို ဖြစ်၍နေလေ၏။

ထိုတစ်ဦးတည်းနေတိုက်ခန်းမှာကား ညအခါတိုင်း အဆိုကောင်း သော အငြိမ့်သမကလေးများနှင့် နေခြင်းဖြစ်လေ၏။ ဆေးကောင်း ဝါးကောင်း၏ အစွမ်းကြောင့် ကိုယ်လက်အင်္ဂါမှာလည်း တောင့်တင်း သန်မာ နုပျိုသူတွေ မသာ၊ နွားအိုပေါင်မာကြီး ဖြစ်နေလေ၏။

mgyoe.com

mgyoe.com

လောကမှာ ဒါကလေး အကောင်းရှိတာပဲ။ သူတစ်ပါး၏ အပိုင်ပစ္စည်းကို မခိုးမဝှက်ရင် ဒါလည်း သရေစာတစ်မျိုးပ။ မုန့်ဟင်းခါးကြိုက်သူ မုန့်ဟင်းခါးကိုစား၊ ခေါက်ဆွဲကြိုက်သူ ခေါက်ဆွဲ၊ ဒန်ပေါက်စမူ ကြိုက်သူကလည်း ကြိုက်ရာစားကြတာပဲဟု ပြောလေ့ရှိ၏။ မိမိမှာကား ပေါက်စီကိုကိုင် နို့မလိုင်ခွက်ထဲ ပြွန်ကလေးကိုတပ်၍ စုပ်သောနည်းမျိုးနှင့် ဆင်တူရိုးမှား အငြိမ့်သမကလေးကို စပယ်ရှယ်ထားပြီး ညည်းခိုက်မှာ ပုတီးကို ချာလပတ်လည်အောင် စိပ်လေ့ရှိ၏။ ဤဘဝမှ ထိုဘဝသို့ နိဗ္ဗာန်မရောက်သေးသမျှ ကာလပတ်လုံး ပတ်ကုံးလောကမှာ သဘောကျ အထုံယူ၍နေသည်ဖြစ်ရာ ညနေတိုင်း ဆယ်တန်ငွေစက္ကူတွေ တစ်ထပ်ကြီးရှိသော ခါးပိုက်ဆောင်ငွေအိတ် ဖောင်းဖောင်းလေးလေးကြီးကို ရုပ်အင်္ကျီအိတ်ထဲ၌ထည့်ကာ လမ်းလျှောက်ရင်း စိတ္တဲ့ပတ်ဟူသောအလုပ်ကို ပုတီးနှင့်လုပ်၍နေလေ၏။

ဦးဇော်သည် ရှေ့တည့်တည့်လမ်းဘက်သို့ မော်၍ကြည့်လိုက်ရာ ဦးဇော်၏ စက္ခုဣန္ဒြေစက်ကွင်းဝယ် ချဉ်းနင်းဝင်ရောက်၍လာသော ရူပါရုံနှစ်ခုသည် နီးကပ်၍လာလေရာ ဦးဇော်မှာ ပုတီးတစ်လုံး ချောက်ခနဲဖြစ်အောင် ချောက်ထိပ်သို့ စိတ်ရောက်၍သွားလေ၏။

အကြောင်းမူကား ထိုရူပါရုံနှစ်ခုအနက် သွယ်သွယ်သေးသေး၊ ဖြောင့်ဖြောင့်စင်းစင်း၊ တောင့်တောင့်တင်းတင်း။ မျက်နှာမှာ ကွင်းကွင်းကွက်ကွက်၊ အသားမှာ ဝင်းဝင်းလက်လက်၊ တင်မကောက်ဘဲ ရင်မောက်ကဲ၊ ဆင်ပေါက်တနဲမကွာ ပမာခြေလက်တို့မှာ အသေမက်လောက်အောင် ပြေပြစ်သွယ်ပြောင်း၊ အဘိုးအို အငြိမ်းစားကြီးမှာ လဘိန်းကြား ဒိန်းကား၍သေလောက်အောင်ကောင်းမည့် အသွင်အပြင်ကို ဆောင်လေရာ အဘိုးကြီးကိုဖမ်းရန် တစ်ညဏ်ကြံ၍လာသလိုဖြစ်၍နေလေ၏။

အကြောင်းမူကား ဦးဇော်မှာ ဤလိုဟာကလေးများကို ကြိုက်တတ်ကြောင်း အပေါင်းအထူးကြော်ငြာသလို သိပါလျက်၊ ၎င်းဦးဇော်

mgyoe.com
ကို ရှာသလိုလာသည်မှာ ထိုသို့ထင်ဖွယ်မဟုတ်လျှင် အဘယ်သို့လျှင် တွေးထင်ရန် ရှိပါသနည်း။

ဦးဇော်သည် မူးမော်၍သွားလေ၏။ ဦးဇော်၏ မူးမော်ခြင်းမှာ နာနှပ်ရသော မူးမော်ခြင်းမျိုး မဟုတ်ပေ။ မော်ခြင်းမောက်ခြင်း ငေါက်ခနဲမာန်စောင်ခြင်းလျှင် သဘောသက်ပေသော မူးမော်ခြင်း ဖြစ်လေ၏။ အကြောင်းသော်ကားဟုဆိုလျှင် ငုံ့ကာငိုက်ကာ မနေမူ၍ မော်ကာငေး စက္ခုရူပေ နဘေးသင့်မျှသော် ဟူခလို။

ဦးဇော်၏ တိုက်ရှေ့သို့ ရောက်သောအခါ ၎င်းတို့နှစ်ယောက် အချင်းချင်း စကားများလျက် ကဘောက်ကဆပြော၊ စိတ်ဆိုးမာန်ဆိုးနှင့် အချောကညာမှာ မောရှာသလို ရပ်လျက်နေရစ်ရာတွင် ၎င်း၏ အဖော်ဖြစ်သော ယောကျ်ားပျိုမှာ ဒေါသမောဟနှင့် ထွက်၍သွားလေ၏။ သို့ဖြစ်လေရာ မိန်းမပျို အချောအနိပ်ကလေးမှာ ကောလိပ်သူ အသွင်ရှိလျက်နှင့်ပင် ဣန္ဒြေ သိန်သရေမလှဘဲ မနေတတ်မထိုင်တတ် ဖြစ်ကာ ကျန်ရစ်ရှာလေတော့သတည်း။

နေဝင်၍သွားလေ၏။ ဝင်းခနဲ ဓာတ်မီးတွေ ပွင့်လာ၏။

ဦးဇော်သည် သနားကြင်နာ ကရုဏာနှင့် ဂရုနူမျို အဘိုးအိုမှာ ထိုထိုတွေးတောငေးမောလျက်သာ ဒေါသထွက်ကာနှင့် မသက်မသာ ဖြစ်ရင်း ရမ္မက်တဏှာချစ်ခြင်းတွေ ပေါင်းစုကာ အကြောင်းပြုသဖြင့် ကောင်းမှုကိုပြုလိုသော အာသီသပြင်းစွာထလျက် ခဏမဆိုင်း စိတ်ကို ပိုင်းပြီး ရိုင်းတယ်ဆိုဆို ဘယ်လိုဖြစ်ဖြစ် ငါစစ်၍မေး၊ အကြောင်းမျိုးစုံ ကောင်းဆိုးပုံကို ကုန်အစင်သိဖို့အတွက် မျှော်တွေးကာ ကလေးမခမျာ အတွက် အကြင်နာဝင်စွက်သဖြင့် ပြင်ဘက်သို့ လျင်စွာထွက်ပြီးလျှင် မြင်ရချက်ထူးပုံကို ကုန်စင်အောင် မေးလေတော့သတည်း။

ကလေးမမှာ၊ လက္ခဏာကား၊ ကြောက်အားပိုမို၊ ထိုလူအိုသည်၊ ငါ့ကိုဘယ်နည်း၊ ဉာဏ်စနက်မီးနှင့် တစ်ချက်တည်းအကော်မိအောင် လော့ဖို့ရန် လော်လီဉာဏ်ကစား၊ ရော်ကီဟန်သွားဖို့ အကြံအားပို၍

mgyoe.com

လာပါသနည်းဟု စဉ်းစားထွေရာ မသေချာသည့်အမူအရာနှင့် ပြောရှာသည်မှာ ...

ဖေဖေကြီးရဲ့၊ ကြည့်ပါဦး အဟင့်...ဟု အဘိုးအို တရားပျက်မှာ စိုးသဖြင့် စကားမဆက်သလို လုပ်၍နေလေ၏။ ဟဲ့ ကလေးမရဲ့၊ အလို အမယ်မင်း ဖြစ်ရလေခြင်း ကလေးမရယ်၊ ဘယ်လိုဖြစ်တာတုံး ကွဲ့၊ ကိုကို့ကို အမိန့်ရှိ၊ အဲလေ... ပြောပါဦးဟု ဘကြီးဇရာအိုက စပြီးခရာသလို ပြောလိုက်လေ၏။

ကျွန်မကို တောကခေါ်လာတယ် ဖေဖေကြီးရဲ့။ အခုမှ သူ တစ်မျိုးညဏ်တွေထွင်တာကို ကျွန်မရိပ်မိလို့ စိတ်မရှိကြောင်း ပြောမိပါတယ် ဖေဖေကြီးရဲ့။ ဒါနဲ့ သူကစိတ်ဆိုးပြီး ခုတင်ကပဲ ကျွန်မကို ကြိတ်ထိုးတယ် ဖေဖေကြီးရဲ့။ မှောင်ကြီးထဲမှာ ကျွန်မကလည်း တောသူ ဘယ်ကိုသွားရမှန်းလည်း မသိဘူး ဖေဖေကြီးရဲ့။ ကျွန်မ ဘယ့်နှယ်လုပ်ရမလဲ စသဖြင့် ရှိုက်ကြီးတငင် ပြောရှာလေ၏။

တယ်ဆိုးတဲ့သူငယ်ပါကလားဟရို့၊ လုပ်မှလုပ်ရက်ပေတယ်။ နှမချင်းမစာ၊ မတော်တာပဲ ကလေးမရယ်။ ကိုကို၊ အဲလေ... ဘကြီး ပြောမယ်၊ ဘာမှမကြောက်နဲ့၊ ဒီအကောင်တွေဟာ အယုတ်တမာတွေ၊ တောမြို့ကလေးတွေကို လှည့်ပြီး ရုပ်ကလေးကိုပြ၊ သူဌေးသားလိုလို၊ အရာရှိသားလိုလို ဟန်ဆောင်၊ ကလေးမတို့လို ရိုးရိုးသားသားကလေး တွေကို သွေးဆောင်၊ ရန်ကုန်ကျရင် မဟားတရားလုပ်။ ဒါမျိုးတွေကို အစ်ကိုကြီး၊ အဲလေ... ဦးလေး၊ အို... အဘိုး သိပါတယ် ကလေးမ ရယ်။ ဘိုးဘိုးလို သူတော်ကောင်းနဲ့တွေ့တာ အတော်ကံကောင်းတာပဲ ကလေးမရဲ့။ ကံနော်၊ ကလေးမရဲ့ ကံ။ ကြာပေါက်တဲ့ ကန်၊ ပဒုမ္မာ ဖူးတဲ့ ကန်၊ ထူးတဲ့ကံပဲ။ လာ လာ ဘာမှမကြောက်နဲ့။ ကိုလေး၊ အဲ လေ... ဦးလေး၊ အို...ဘာတွေပြောမိပါလိမ့်၊ ဖေဖေကြီးရှိမှ ဘာမှ ကြောက်စရာမရှိဘူး။ ကလေးမအရပ်ကို ခုပြန်ပို့မယ်။ လာ လာ ဖေဖေ ကြီးတို့တိုက်ကို...။

mgyoe.com

mgyoe.com

ဟင့်အင်း... ကျွန်မ မလိုက်ဝံ့ဘူး၊ ကြောက်တယ် ဖေဖေကြီးရဲ့။

မကြောက်ပါနဲ့ ကလေးမရဲ့။ ဖေဖေကြီးတို့တိုက်မှာ အရှုပ်အထွေး ဘာမှ မရှိရဘူး။

ဖေဖေကြီး တစ်ယောက်တည်းပဲလား။

တစ်ယောက်တည်းပဲ။

ဒီလိုဖြင့် ကျွန်မ လိုက်မယ်။ လူတွေများရင် ကြောက်တယ်။

မကြောက်နဲ့။ ဖေဖေကြီးက အမယ်ကြီးတစ်ယောက်ပဲ အိမ်သား ရှိတယ်။

မကြာမီ အိမ်တွင်းသို့ ရောက်လေ၏။

ပေး၊ ခွေးသားကြီး၊ ရှိသမျှ ထုတ်။

ပေးပါ့မယ် မောင်ရဲ့။ လူကလေးရဲ့၊ ဘကြီးအသက်ကို ချမ်းသာ ပေးပါ လူလေးရဲ့။ ချမ်းသာပေးပါလူလေးရဲ့။ ရော့... ရော့...။

နောက်တစ်ခါ ခင်ဗျား ဒီလိုငွေတွေဖြုန်းဦးမလား။

မဖြုန်းပါဘူး လူလေးရဲ့။ ချမ်းသာပေးပါ။ ရှိသမျှအကုန်ယူပါ။

အငြိမ်းစားအရာရှိ အဘိုးကြီးမှာ အငြိမ့်သမကလေးများကို ပေးရန် အသင့်ဆောင်ထားသော ငွေစက္ကူများရော၊ သားရေအိတ်ပါ ထုတ်၍ပေးရလေ၏။ ခြောက်လုံးပြူးနှင့် ချိန်ကာ တောင်းသော မိန်းမပျိုမှာ ထဘီပြုတ်၍ကျသောအခါ ကာကီဘောင်းဘီ ပေါ်၍လာလေ၏။

ထိုအတွင်း စောစောက ၎င်းကို စွန့်၍သွားသော အဖော်ယောကျ်ား ပျိုသည် ခြောက်လုံးပြူးတစ်လက်နှင့် နောက်ထပ်ရောက်၍လာလေ၏။ ထို့နောက် အတန်ကြာသောအခါ အဘိုးကြီးမှာ လက်ပြန်ကြိုးတည်း လျက် ကြမ်းပေါ်မှာ လိမ့်၍ကျန်နေရစ်ရှာလေတော့သတည်း။

mgyoe.com

mgyoe.com

# ကြက်မကြီး

မောင်ဘမြင့်သည် ဘာသာခြားဆရာကြီး၏ အိမ်ဝင်းထရံအနီး၌ သစ်တုံးတစ်ခုပေါ်တွင် ထိုင်ကာ စစ်တကောင်း ကြက်သအုပ်မကြီးနှင့် ကြက်ကလေးများကို ကြည့်၍နေလေ၏။ ထိုအခိုက်တွင် ဆံပင်ဖွတ်မြီး ဖဲစိကြိုးအပြာကလေးနှင့် ဖြူစင်လှပ ရွှေလမျက်နှာ နှုတ်ခမ်းကလေး နီမြန်းစွာနှင့် ချစ်ဖွယ်ရာကောင်းလှသော အသက်နှစ်ဆယ်ခန့်ရှိ မိန်းမပျိုကလေးတစ်ယောက် ဆရာကြီး၏ကြက်ခြံဘက်မှ ပြေး၍လာပြီး ကြက်မကြီးနှင့် ကြက်ကလေးများအား ဇာနားနှင့် လက်ကိုင်ပဝါကလေးထဲမှ ဆန်များကို ဆုပ်ယူကာ ကြဲလေ၏။

အို...မမြသွေးပါကလား။ ကျွေးပါ ကျွေးပါ။ ကုသိုလ်ရပါတယ် ဟု ဘမြင့်က အားရဝမ်းသာ ပြောလေ၏။

ကြက်ကိုကျွေးတာ ကုသိုလ်ရသလား။

ရတာပေါ့ မမြသွေးရဲ့။ အလှူခံတကျိုပ်လေး၊ ခွေးတောင်ပါတယ် ဆိုမှဖြင့် ဒီကြက်မကြီးနှင့် ကြက်ကလေးတွေလည်း ပါတာပေါ့။

mgyoe.com

mgyoe.com

ကျွန်မ ကုသိုလ်ရချင်လို့ ကျွေးတာမဟုတ်ပါဘူး။ ဆရာကတော်က အကျွေးခိုင်းလို့ ကျွေးတာပါ။ ခရစ်စမတ်နေ့မှာ ကျွန်မတို့ ပွဲလုပ်ဖို့ စပယ်ရှယ်မွေးထားတဲ့ ကြက်မကြီး မဆူဘူးလား။ ကိုဘမြင့်ကိုလည်း ဖိတ်ရမယ်။

ဒီကြက်မကြီးဟာ စားဖို့လား။

ရက်စ်၊ ကြက်သားမစားဘူးလား။ ရန်ကုန်မှာ ကြက်သားမစားတဲ့ ယောကျ်ားတွေ တော်တော်များသတဲ့။ ဒီအသင်းထဲမှာ ကိုဘမြင့် ပါသလား။

ကြက်သားစားပါတယ်။ ဒီလို စပယ်ရှယ်မွေးထားတဲ့ ကြက်မကြီးကိုတော့ မစားချင်ဘူး။

သနားစရာ မမြသွေးရယ်။ ကလေးတွေနဲ့၊ သူ့ခမျာလည်း သေချင်ရှာမှာ မဟုတ်ဘူး။ မမြသွေးကို ချက်စားရင် ကြိုက်ပါ့မလား။ မမြသွေးလည်း ပြည့်ပြည့်ဖြိုးဖြိုးကြီး။

သေသေချာချာများ ကပ်ပြီး... ဟု ပြောကာ၊ စကားမဆက်ဘဲ ဘမြင့်သည် နှုတ်ခမ်းကိုကိုက်လျက် မချင့်မရဲအမူအရာကို ပြလေရာ မြသွေး၏ ပါးပေါ်မှာ နှင်းဆီဖူးကလေး ပွင့်၍လာလေ၏။

၎င်းတို့နှစ်ယောက်မှာ စိန့်ဖီးလစ်ကျောင်း၌ အတူတူ ဘောင်းဘီဝတ်၊ ဂါဝန်ဝတ်လျက် ငါးတန်းအထိ သင်ခဲ့ကြပြီးနောက် မြသွေးမှာ မယ်သီလရင်ကျောင်း၌ ဆက်၍နေလေ၏။ ဘမြင့်မှာ နေရှင်နယ်ကျောင်းသို့ ရောက်၍သွားပြီး ကောလိပ်၌ အိုင်အေမှထွက်၍ စက္ကရီတေရီရက်ရုံးကြီး၌ သစ်တောဘက်မှာ လုပ်၍နေလေ၏။

မြသွေးမှာ ဘဏ္ဍတစ်ကောလိပ်မှာ ဘီအေတွင် ဆက်လက်သင်၍ နေသူဖြစ်ရာ ဂါဝန်ဝတ်လျက်ပင် ရှိနေလေ၏။ အိမ်မှာနေသည့်အခါ၌ သာထဘီဝတ်လေ၏။ နေသောအိမ်မှာလည်း ဘာသာခြားဆရာကြီး၏ အိမ်ဖြစ်လေရာ ဗုဒ္ဓဘာသာပင် မှန်သော်လည်း ရုပ်ရည်မှာ ထူးခြား၍ အင်္ဂလိပ်ကပြားမကလေးများနဲ့လည်း မတူ၊ မြန်မာလည်းမကျ၊

mgyoe.com

နူးညံ့သိမ်မွေ့ ယဉ်ကျေးဖွယ်ရာဖြစ်ခြင်းမှာ ထူးခြားသဖြင့် ဘောင်းဘီဝတ် ဘာသာခြားလူမျိုးများအနက် ၎င်းကိုပိုးပန်းသူ အတော်ပင် များ၍နေလေ၏။

တစ်နေ့သ၌ ဤဘာသာခြားစက်ကွင်းမှလွတ်တော့မည်မဟုတ်။ ယခုပင် ဘာသာခြားတစ်ပိုင်းမက လုံးလုံးလျားလျား ဖြစ်၍နေပုံနှင့်တူလှပေသည်တကားဟု ဘမြင့်၏စိတ်၌ တွေးတောလျက် ဤမျှလောက်ချောမောလှပ ယဉ်ကျေးဖွယ်ရာ ပညာလည်းစုံ၊ ဂုဏ်အမျိုးမျိုးနှင့်ပြည့်ဝသူ မြန်မာအမျိုးသမီးအစစ်ကလေးတစ်ယောက်မှာ ယဉ်ကျေးခြင်းလွန်ကာ ဘာသာကွဲ ဖြစ်ရုံမက ဘာသာကွဲလူမျိုး ဘောင်းဘီဝတ်များနှင့် အကြောင်းပါ၍သွားချေက အလွန်တရာမှ နှမြောဖွယ်ရာကောင်းတော့မှာပဲ။ မြန်မာအမျိုးသားအမျိုးသမီးကလေးများကို မိဘများက စိတ်တစ်မျိုးပြောင်းလဲအောင် အင်္ဂလိပ်အမှုအရာတွေထဲ ဤကဲ့သို့သွင်းခြင်းဟာ အမှားကြီး တစ်ခုပေတကား။

သြော်...မြသွေး၊ မြသွေး ခြင်ကောင်ကလေး၊ ပုရွက်ဆိတ်ကလေးကိုမျှ အရင်က မသတ်ဝံ့ရှာဘူး။ အင်မတန်မှ သိမ်မွေ့တဲ့ အမျိုးကောင်းသမီးကလေးတစ်ယောက် အစစ်အမှန်ဖြစ်ပါလျက် ခုနင်က ပြောလိုက်တဲ့စကားဟာ လွန်စွာမှ ရုန့်ရင်းကြမ်းတမ်းခြင်းဖြစ်တာလို့ တွေးမှမတွေးမိအောင် အခုလို ပြောင်းလဲခြင်းဖြစ်ရတာများဟာ နှမြောဖွယ်ကောင်းလှပါပေသည်တကား။

မြသွေးရယ်၊ ငါ နှင့်ကို ဘယ်လိုများ ကယ်ရပါ့မတုံး။ အရင်ကတော့ အတူသွားကြ၊ လာကြ၊ ကစားကြတာပဲ။ ဟိုတုန်းကတော့ ကလေးချစ်မို့ ယခုအခါ သူ့မှာ ရေပတ်လည်ဝိုင်းတာလို လိုချင်တဲ့ ဘောင်းဘီဝတ်တွေ ဝိုင်းနေသည့်အတွက် ဟိုတုန်းကဟာကလေးများကိုလည်း ပြန်ပြီး သတိရပုံမပေါ်ပါကလား စသည်ဖြင့် စဉ်းစားကာ နှမြော၍နေလေ၏။

mgyoe.com

mgyoe.com

ဟဲ့၊ မြသွေးရဲ့။ ဒီကြက်မကြီးကို ပျော်ပွဲစားကြမယ်ဆိုတာများ သနားစရာ မကောင်းဘူးလားဟဲ့။ နင် ခရစ်ယာန် ဖြစ်နေပလား။

ကျွန်မတို့ ဒီလိုပဲပျော်ပွဲစားကြတာပဲ။ မနှစ်က ကျွန်မတို့ ကြက်ဆင်တစ်ကောင် ပြင်ဦးလွင်က လက်ဆောင်ရတယ်။ သည်နှစ်တော့ မ ရ ဘူး။ သည့်အတွက် ဒီစစ်တကောင်းကြက်မကြီးကို တင်ကြိုပြီး မွေးထားတာပဲ။ တိရစ္ဆာန်သတ်တာ ဘာဖြစ်သလဲ။ ဘုရားသခင်က စားဖို့ ဖန်ဆင်းထားတာပဲ။

ဘယ်သူပြောသလဲ။

ကျွန်မတို့ကျောင်းမှာသင်ရတဲ့ ကာတယ်ကစ်ဆင်းစာအုပ်မှာ ပါတာပဲ။

တိရစ္ဆာန်လည်း အသက်နဲ့ပဲ။

တိရစ္ဆာန်အသက်က လူ့အသက်လို မဟုတ်ပါဘူး။ သစ်ပင်များ အသက်လို သေရင် ပျောက်သွားတာပဲ။

သေရင် မပျောက်ဘူး။ လူလိုပါပဲ။ သူတို့မှာလည်း အကြောက် အချစ်ဆိုတဲ့စိတ်တွေ လူလိုရှိတာပဲ။ လူက အလုပ်များလို့ အသိပိုတာ တစ်ခု ခြားနားတာပဲ။ သူတို့လည်း နာတာပဲ၊ သေမှာ ကြောက်တာပဲ။

သေမှာ ကြောက်တာတော့ မှန်ပါတယ်။ ပုရွက်ဆိတ်တောင် ကြောက်တာပဲ။ လူနဲ့တော့ မတူပါဘူး။ လူက ဘုရားရှိခိုးတတ်တယ်၊ တိရစ္ဆာန်မှာ ဘုရားတရား မသိဘူး။

မသိတာက သူ့အပြစ်။ ဘုရားတရားမသိရုံနဲ့ သတ်စားရမလား။ မသိလို့ သာပြီး သနားစရာကောင်းတာပေါ့။

ကိုဘမြင့် မှားတာပဲ။ မြန်မာလူမျိုးနဲ့ ဥရောပတိုင်းသား ဘယ်သူက ပိုပြီးလိမ္မာသလဲ။ ဘယ်လူမျိုး ပိုပြီးကောင်းသလဲ။

သူတစ်ပါးတိုင်းနိုင်ငံတွေကို နိုင့်ထက်စီးနင်းယူထားတဲ့ ဥရောပတိုင်းသားများကို ကောင်းတယ်လို့ မဆိုနိုင်ဘူး။

mgyoe.com

mgyoe.com

သူတို့က နိုင်ချင်လို့ယူထားတာ မဟုတ်ဘူး။ ရိုင်းတဲ့လူတွေ၊ မှောင်ကျနေတဲ့တိုင်းပြည်သားတွေကို ယဉ်ကျေးလိမ္မာပြီး အလင်းတရားကိုရအောင် အုပ်ချုပ်ပေးတာပါ။ ဥရောပတိုက်သားမရှိရင် ကျွန်မတို့ မြန်မာလူမျိုးတွေ ရိုင်းနေမှာပေါ့။

ဂျပန်တွေ၊ ယိုးဒယားတွေ ရိုင်းသလား။

သူတို့လည်း ဥရောပနည်းကိုခံရလို့ အခုလို နေနိုင်ကြတာပဲ။

လူသတ္တဝါဆိုတာ တစ်မျိုးကိုတစ်မျိုး တစ်ခုခုအတွက် အားကိုးရတာပဲ။ ဥရောပတိုင်းကလည်း အာရှတိုင်းကို အားကိုးရတယ်မဟုတ်လား။ အသုံးအဆောင်တွေဟူသမျှ အာရှတိုင်းက ရကြလို့ သူတို့မှာ ပြုပြင်လုပ်ကိုင် သုံးစွဲနိုင်တာပဲ။ အာရှတိုင်းက ယဉ်ကျေးလိမ္မာခြင်းအတတ်ဟာ ဥရောပကို ပထမဦးဆုံး ရောက်တာပဲ။ အခုမှ နည်းနည်းကလေး အာရှတိုင်းက သူတို့ဆီမှာ ပြန်ယူရတယ်။ တစ်လှည့်စီပါပဲ။

ရှေးက ဥရောပ ရိုင်းနေစဉ်မှာ အာရှတိုင်းက အင်မတန်ယဉ်ကျေးခဲ့ဖူးတာပေါ့။ ပဲခူးပြည်ကြီး ကောင်းစားစဉ်ကများ ဥရောပတိုင်းဆိုတာ အင်မတန် သေးနုပ်တာပဲ။ ပဲခူးကိုရောက်သမျှ ဥရောပတိုင်းသားတိုင်း အံ့သြကြရတယ်။ ရှေးက တစ်ကမ္ဘာလုံး သွားလာနေတဲ့ သင်္ဘောတွေလည်း သံလျင်မြို့ သင်္ဘောဆိပ်ကြီးက ထွက်ရတာတွေ များတာပဲ။ တို့များတိုင်းပြည်သားများဟာ ဘယ်တိုင်းပြည်ကိုမှ ထွက်ပြီး မရှာမဖွေခဲ့ရဘူး။ ဟိုအခါက တို့များတိုင်းပြည် သိပ်ကြွယ်ဝတာ။ တခြားလူမျိုးတွေ ငတ်မွတ်လာကြတာကို ဆီးပြီး အမြဲကျွေးမွေးတဲ့လူမျိုး။ အဲဒီအခါက ဥရောပတိုင်းသားကြောင့် တို့လူမျိုး ချမ်းသာတာလား။ ဩော်... မြသွေးရယ်၊ နင် အခုလိုဖြစ်နေတာ ငါ နှမြောလိုက်ပါဘိတော့တယ်။

ကျွန်မ အခု ဘာဖြစ်လို့လဲ။ နူနေလို့လား။ ရူးနေလို့လား ကို ဘာမြင့်ရဲ့။

နူတာ၊ ရူးတာ ဘာအရေးကြီးသလဲ။ ဆေးကုရင် ရတာပဲ။ ဗုဒ္ဓဘာသာ မိကောင်းဖခင်သမီးတစ်ယောက် လူမျိုးကွဲ ဘာသာကွဲစိတ်

mgyoe.com
ဖြစ်နေတာပြောတာပါ။ ဒါ ထားလိုက်ပါဦး။ ယောက်ျားယူတော့ လူမျိုး ကွဲပဲ ဖြစ်မှာလား။

ဒီလိုမျိုးဖြစ်ရင် မြသွေးရယ်၊ နင့်မိဘ ရင်မကွဲခင် ငါ အရင်စပြီး ရင်ကွဲနာကျမှာပဲ ကောင်မလေးရဲ့။ နင် တယ်မိုက်ပါလား။ တခြား နေရာ မရှိလို့ နင် အခု လက်ဝါးကပ်တိုင်ကြားထဲ လာနေရတာလား။ ဟင့်... ငါ့ကို ပြောစမ်းပါဦးဟဲ့ မြသွေးရဲ့။ တယ်မိုက်တဲ့ ကောင်မလေး ကိုး။ နင် ဘီအေ မဟုတ်လား။ ဘာသင်သလဲ။ လောဂျစ် မသင်ဘူး လား။ ဖီလော်ဆော်ဖီကိုသင်တဲ့ လောကဓာတ်ပညာကို မမေ့နဲ့။

ကျွန်မ လောဂျစ်တော့ မယူဘူး။ ခက်တယ်ပြောကြလို့။ ရာဇဝင် ကို ယူတယ်။

သည်လိုဖြင့် နင် အလွယ်လိုက်တာပေါ့။ ဗုဒ္ဓဘာသာ မြန်မာစာ များကော နင် ဖတ်ရဲ့လား။ မင်္ဂလသုတ်မှ မတတ်ဘူးလား။

ကျွန်မ ဒါတွေဖတ်ဖို့ အချိန်မရဘူး။

အခုလို ကြက်မကြီးကို ဆူအောင်လုပ်နေမယ့်အစား အတွင်း . အောင်ခြင်း၊ အပြင်အောင်ခြင်း ဖတ်ပါလား။ သူ့အသက်ကို သတ်တာ ဟာ မကောင်းဘူးတဲ့။ တို့ ဗုဒ္ဓဘာသာအရ မလုပ်ကောင်းဘူး။ ဒါ လောက်တော့ ကိုယ်ချင်းစာကြည့်ရင် သိနိုင်တာပေါ့။

တိရစ္ဆာန်ဆိုတာ အကောင်းအဆိုးကို မသိဘူး။ သည့်အတွက် သတ်နိုင်တယ်။

အကောင်းအဆိုးမသိရင် တိရစ္ဆာန် ဖြစ်ရောလား။

ဟုတ်တယ်။ အကောင်းအဆိုးမသိရင် တိရစ္ဆာန်ပဲ။

ဒီလိုဖြင့် အာဒမ်နဲ့ ဧဝ မြွေကြီးနဲ့မတွေ့ခင် သစ်သီးမစားရသေးမီ က တိရစ္ဆာန်တွေပေါ့။ အကောင်းအဆိုးမှ မသိပဲ။ သစ်သီးစားမိမှ သိ တယ်မဟုတ်လား။

ဒါ ဘာဆိုင်လဲ။ မသိပေမဲ့ သိနိုင်တဲ့သတ္တိရှိတယ်။ တိရစ္ဆာန်မှာသိ နိုင်တဲ့သတ္တိ မရှိဘူး။ ဒီသစ်သီးကိုပင် စားရစေကာမူ သိမှာမဟုတ်ဘူး။
mgyoe.com

mgyoe.com

ဒီသစ်သီးကို ရလို့ ကျွေးကြည့်ရင် သိရမှာပေါ့။ အခုအနေထက် လက်လွတ်စပယ် သက်သေအထောက်အထားမရှိဘဲ ပြောလို့ ဘာဖြစ်မလဲ။ ဒေဝဉယျာဉ်ကို လိုက်ရှာရင် သစ်ပင်ငုတ်တိုပဲဖြစ်ဖြစ် တွေ့ချင်တွေ့ရမှာပေါ့။ လာ နှင်နဲ့ငါနဲ့ ဒေဝဉယျာဉ်ကို သွားရှာကြရအောင်။

ဒေဝင်ကို တွေ့ချင်တွေ့မယ်။ အပင်ကိုတော့ တွေ့ရမှာမဟုတ်ဘူး။

ဒါလည်းမှန်ရဲ့။ အတူတူသာ နှစ်ယောက်တည်းသွားရရင် ဒေဝင်ကို အမှန်ရောက်မှာပဲ။

အမယ်၊ ဘယ်ဒေဝင်မှ မတွေ့ရသေးပါဘူး။

ဟိုကစ်နေ့က စကားပြောနေတာ ဘယ်သူလဲ။

ဒါက မစ္စတာ အီဒင့်ပါ။ ကျွန်မဖေဖေနဲ့အသိ မော်လမြိုင်က ကပ္ပလီကြီးပါ။

ဒါမျိုးနဲ့များ ဒေဝင်ရောက်မသွားနဲ့နော်။ ဒါထက် မြသွေးကို တို့များလေ...၊ ဟို ကျောင်းကပွဲတုန်းကဟာတွေ မှတ်မိသေးလား။

ဘာတွေလဲ။

ကျောင်းကပွဲ လုပ်တုန်းကလေ။ နှင်နဲ့ အာဒီ၊ ထရစ်စတီ သုံးယောက်က ဘယ်လ်ဂျီယံ ဆေးဆရာမလုပ်လို့၊ ငါရယ်၊ ဖရင့်ရယ်၊ ဗွိုက်ရယ်က ဂျာမန်စစ်ဗိုလ်တွေလုပ်ပြီး ကျောင်းကပွဲမှာ ကဖို့ပြင်ကြတုန်းကလေ။ တို့နှစ်ယောက်က စကရင်အကြားထဲမှာလေ။

တော်ပါ။ ဟိုတုန်းက အရူးပဲ။ ကလေးတွေ၊ ဘာသိလို့လဲ။

နှင်မေ့ပြီလား။ ငါတော့ မမေ့ဘူး။ ရူးလည်း မရူးဘူး။ ဒါကြောင့် ငါအခု နှင်နဲ့နီးအောင် ဒီလာပြီး တစ်ယောက်တည်းနေတာ သိလား။ ကွန်စတန်းဆိုတဲ့နာမည် ဘယ်တော့မှ မပျောက်ဘူး။ ရော်ဘီကိုတော့ မေ့ပြီပေါ့လေ။ ဒေဝင်ကို ရောက်ပြီးမှကိုး။

တော်ပါ။ ရော်ဘီ အိုင်နဲ့ ဘားကံန်းဟုပြောပြီး ထွက်၍သွားလေ၏ ။

mgyoe.com

ရော်ဘီဘမြင့်သည် မျက်စိတဆုံး ကြည့်လိုက်လေ၏။ မိမိစကားများ ကွန်စတန်းမြသွေး၏နားမှာ မဝင်ကြောင်း သိရလေ၏။ သို့သော်လည်း သင်း လူမျိုးကွဲလက်ကို မရောက်ရ။ ဘာသာကွဲ မဖြစ်ရအောင် ငါ ကယ်မည်ဟု ခိုင်စွာ အဓိဋ္ဌာန်ပြုလိုက်လေ၏။

နောက် ရက်မျှားမကြာမီ ဂါဝန်ဝတ်မလေး တစ်ယောက်နှင့် ဘောင်းဘီဝတ်ယောကျာ်းပျိုတစ်ယောက် တွဲ၍လျှောက်သွားသည်ကို မြင်ရသဖြင့် သေချာစွာကြည့်ရာ ကွန်စတန်းနှင့် အင်္ဂလိုအင်ဒီးယန်း အဖြူစားတစ်ယောက်ဖြစ်သည်ကို သိရလေရာ အံ့သြ၍နေလေ၏။ ၎င်းတို့ တွဲ၍ခုတ်ပုံမှာ များစွာချစ်ခင်သောအမူအရာရှိကြောင်း သိရလေ၏။ ငါကယ်လို့ ရတော့မှာမဟုတ်ဘူးဟု အောက်မေ့ကာ စိတ်မကောင်းဖြစ်၍သွားလေ၏။

ခရစ္စမတ် နှစ်သစ်ကူးပွဲနေ့ကြီးမတိုင်မီ အဖိတ်နေ့သို့ ရောက်လေ၏။ ဘမြင့်သည် ကြက်မကြီးကိုကြည့်ရင်း စဉ်းစား၍နေလေ၏။ နက်ဖန်ခါကျလျှင် ဒီကြက်မကြီး ရှိတော့မှာ မဟုတ်ဘူး။ စားပွဲပေါ်မှာ ကောင်လုံးကြော်ဖြစ်မလား၊ အာလူးနှင့် စွပ်ပြုတ်ဖြစ်မလား၊ စတြူး တခြား အခြောက်တခြား ဖြစ်လေမလား၊ သို့တည်းမဟုတ် ၎င်းကို ကြက်သွန်နီ၊ မဆလာနှင့် မြန်မာဟင်းရိုးရိုး ချက်မလား၊ ခိုလမန်ကုလားဟင်း ဖြစ်လေမလား၊ စသဖြင့် ဆင်ခြင်၍နေလေ၏။ ထိုအခိုက် မြသွေး ရောက်၍လာရာ..

ဘယ့်နှယ်လဲ ကွန်စတန်း။ ကြိုးဆေးခါနီးမို့ ဝဝကြီးကျွေးတဲ့နည်းမျိုးလား။ ဆန်အပြင် ဘာများပါသေးသလဲ။

ကုလားပဲခြမ်းကလေးတွေ ပါတယ်။

ဒီလိုဖြင့် နက်ဖန် ဒီကြက်မကြီး ကိစ္စချောရောပေါ့လေ။

နို့ ဒါ့အတွက် မွေးထားတာပဲ။

သနားစရာဟယ်၊ နင်တို့က ပျော်ကြ၊ ဒီကြက်ကလေးတွေတော့ အမေကြီးနဲ့ ကွဲ၊ စဉ်းစားကြည့်စမ်းပါဟယ်၊ နင် ဒီလို ဘီလူးတွေထဲ

mgyoe.com

ရောက်နေရတာများ ငါ အံ့သြပါရဲ့။ ဒါထက် ဟိုတစ်နေ့က တွဲသွားတဲ့ ငနဲက ဘာလဲ။

မီးရထားဘက်က လမ်းအင်ဂျင်နီယာတဲ့။

နင်နဲ့စပ်တဲ့လူ ဆိုတာလား။

ဟုတ်တယ်။ ယူ ဘယ်တုန်းက ကြားသလဲ။

နင်ကသာ ငါ့ကိုမေ့တာလားဟယ်။ ငါကတော့ အမြဲ ဂရုစိုက် လျက်ချည်း နေတာပဲ။ သိတာပေါ့။

ဘာဖြစ်လို့ ဂရုစိုက်တာလဲ။ ဂရုမစိုက်ပါနဲ့။

ချစ်လို့ ဂရုစိုက်တာပေါ့။ ဂရုမစိုက်ဘဲ မနေနိုင်ပဲကိုး။ လခဘယ် လောက် ရသတဲ့လဲ။

လခက သုံးရာရတယ်။ နောက်ကိုလည်း တိုးဦးမယ်တဲ့။ ရှမ်းပြည် နယ်မှာ တံတားတစ်ခုဆောက်ရာမှာ သူ ပါတယ်။ အဲဒီတံတားပြီးရင် လခ ခုနစ်ရာ ရမယ်တဲ့။

သူတို့အင်္ဂလိပ်လူမျိုးဆိုတော့ ရတာပေါ့ကွယ်။ မြန်မာလူမျိုးများ တော့ သူတို့လိုတတ်ပေမဲ့ မရဘူး။ သို့သော်လည်း ငွေရင်းကြေးရင်းရှိ လို့ ရောင်းဝယ်စားရင်လည်း တစ်လ ငါးရာတစ်ထောင်ဆိုတာ ရနိုင် တာပါပဲ။

ကိုဘမြင့် အခု လခဘယ်လောက်ရသလဲ။

အခု ၂၅၀၊ ရှေ့ကိုတော့ တိုးမလား၊ မတိုးလား မပြောတတ်ပါ ဘူး။ ပင်စင်ရရင် ကုန်သန်းရောင်းဝယ်ဖို့ အကြံအစည်ကလေးများတော့ တဖြည်းဖြည်းဆိုတာလို မှတ်သားစုဆောင်းလျက်ပါပဲ။ တစ်သက်လုံး လခစားချည်းတော့လည်း လုပ်ဖို့ စိတ်မကူးပါဘူး။ ၂၅၀ ဆိုတာလည်း မြသွေးရယ် တင့်တောင့်တင့်တယ် နေနိုင်ပါတယ်။ သူတို့လူမျိုးကတော့ အုပ်စိုးတဲ့လူမျိုးမို့။ လခစားအလုပ်မှာ တုပြိုင်လို့ဖြစ်တာ မဟုတ်ပါဘူး။ မြန်မာကို ယူပါလားဟဲ့။ မြန်မာ မရှိလို့လားဟဲ့။ ဆောင်းဘီဝတ်ဆိုတာ သူတို့ဘာသာ ဝင်မှ အခွင့်ပိုင်တာ။

mgyoe.com

mgyoe.com
မဝင်ဘဲ ဒစ်ဆိပင်ဆေးရှင်းနဲ့ လက်ထပ်နိုင်သားပဲ။

ဒါက သူတို့သာသနာပိုင်ဆီမှာ အခွင့်တောင်းရဦးမှာ။ အခွင့်တောင်းလို့ ရမှဖြစ်မှာ။ မရရင် သူတို့အထဲ ဝင်ရမယ် မဟုတ်လား။

ဒါတော့ ဝင်ရမှာပေါ့။ ဝင် ဘာဖြစ်လဲ၊ အကောင်းသားပဲ။ သူ့ဥစ္စာ မခိုးရဘူး။ မုသားမပြောရဘူး။ မဟုတ်တာ မလုပ်ရဘူး။ သူများအသက် မသတ်ရဘူးလို့သာပြောတာ။

ဒီကြက်မကြီးတော့ သတ်စားမလား။

ဒါတော့ ကြက်ကိုး၊ စားရတာကိုး။

ဒါကိုလည်း စားဖို့သတ်ရင် အခွင့်ရှိသလား။

လူတော့ အလကားလည်း မသတ်ရဘူး။ စားဖို့လည်း မသတ်ရဘူး။ တိရစ္ဆာန်တော့ အလကားသတ်ရင် နည်းနည်းပါးပါး ငရဲကြီးတယ်။ စားဖို့သတ်ရင်တော့ မကြီးပါဘူး။

ဒီလိုဖြင့် သိပ်ဟန်ကျတဲ့ ဘာသာပဲ။ သည်ပုံဖြင့် ဒီကြက်မကြီးနက်ဖန်ခါ ဝိုင်အရက်နဲ့ အမြည်းရတော့မှာပေါ့။

ဘုရားသခင်က ပေးတာကိုး။ ဘုရားသခင်က အာဒမ်ကို ဖန်ဆင်းပြီး တိရစ္ဆာန်တွေကို အာဒမ်အတွက် ဖန်ဆင်းပေးတာပဲ။ လူ့အသုံးအဆောင်တွေ။

ဒါကို နင်ယုံသလား။

ယုံရင် ဘာဖြစ်သလဲ။

ဗုဒ္ဓဘာသာလူမျိုးတွေလည်း စားကြတာပဲ။

စားတာနဲ့သတ်တာ ဘာမှ မဆိုင်ဘူး။

စားသူမရှိရင် သတ်သူ ရှိပါ့မလား။

ဒီစကားဟာ စိတ်အကြောင်းကို နားလည်တဲ့လူတွေ မေးတဲ့စကား၊ ငါတို့မြတ်စွာဘုရားဟာ ထာဝရဘုရားလို အာဏာနဲ့ ပညတ်တာ မဟုတ်ဘူး။ သူ့အသက်သတ်တာ မကောင်းဘူး၊ လူကို ယုတ်နိမ့်စေတယ်တဲ့။ သဘောတရားကို ဘုရား မြင်တော်မူလို့ ဟောတာ။
mgyoe.com

mgyoe.com

မသတ်ကြနဲ့ သတ်လျှင်ငရဲငါ့အမိန့်လို့ဆိုပြီး ပေးတဲ့အာဏာ မဟုတ်ဘူး။ အသက်ရှိတဲ့ သတ္တဝါတစ်ခုကို ကိုယ်တိုင်၏ ပယောဂနှင့်ဖြစ်စေ ကိုယ်တိုင်၏ လက်နှင့်ဖြစ်စေ သတ်ခြင်းဟာ ရက်စက်ကြမ်းကြုတ် သတ်ပုတ်သူ၏စိတ်မှာ ရက်စက်ကြမ်းကြုတ် ဆိုးယုတ်တဲ့ အသွင်အမှတ်ကို ဖြစ်စေတဲ့ အလုပ်ကြီး ဖြစ်တယ်။ သည်လို စိတ်မှာ ရုန့်ရင်းကြမ်းတမ်း ဆိုးသွမ်းတဲ့အဖြစ်ကို ရောက်သောအခါ နူးညံ့သိမ်မွေ့တဲ့ သူတော်ကောင်းတို့ရဲ့ အစုအဝေးထဲမှာ မဝင်ဆံ့တော့ဘူး။

သူတော်ကောင်းထဲမှာ မဝင်ဆံ့ရင်၊ သူယုတ်မာတွေ၊ မိမိလို ကြမ်းကြုတ်ရက်စက်သူတွေရဲ့ အစုအဝေးထဲသို့သာ ရောက်တော့တာပါပဲ။ အဲသည်လိုရောက်တာကို ငရဲလို့ ခေါ်ရတာပဲ။ အမဲသား၊ ဝက်သား စားသူ၏စိတ်ထဲမှာ ရက်စက်ကြမ်းကြုတ်တဲ့ အမူအရာဆိုလို့ ဘာတစ်ခုမှ မရှိဘူး။ သွေးတွေသံတွေကိုကြည့်ပြီး မျက်လုံးဝိုင်းဝိုင်းလည်နေတဲ့ နွား၏လည်ပင်းကိုလှီးတဲ့ လူ၏စိတ်မှာသာ ကြမ်းကြုတ်တဲ့သဏ္ဌာန်ဖြစ်နေတာပဲ။ သည့်အတွက် စားသူနဲ့ သတ်သူမှာ အပြစ်မတူနိုင်ဘူးလို့ သိရတယ်။ ငါတို့ မြတ်စွာဘုရားဟာ အကျိုးတရား၊ အကြောင်းတရားတွေ ဟောတာ။ ဘာမလုပ်နဲ့ ညာမလုပ်နဲ့လို့ အမိန့်ပေးတာ မဟုတ်ဘူး။

ရက်စက်တဲ့အမှုကိုပြုရင် ပြုသူ၏စိတ်မှာ ရက်စက်တဲ့သဏ္ဌာန်ထင်ရမယ်။ ဒီသဏ္ဌာန်ဟာ မကောင်းတဲ့သဏ္ဌာန် ဖြစ်တယ်။ သူတော်ကောင်းများအထဲမှာ မဝင်ဆံ့တဲ့သဏ္ဌာန်၊ ငရဲသားများနဲ့သာ ဝင်ဆံ့တဲ့သဏ္ဌာန်မျိုး။ နားလည်ပြီလား။ ဒီအဖြေကို မည်သူမျှ မပေးကြလို့ စားသူရှိသည့်အတွက် သတ်သူရှိတာပဲ။ စားသူနဲ့သတ်သူ အတူတူပဲဆိုတဲ့ စကားကို ပြောနေကြတာ၊ စိတ်အကျင့်ကို မသိသူတွေပြောတဲ့စကား နားလည်ပြီလား။ ဒိုကြက်မကြီးဟာ သူ့ကလေးတွေနဲ့ ပျော်ပျော်ပါးပါးနေရှာတယ်။ ကလေးတွေကလည်း အမေကြီးနဲ့ ပျော်လို့ပဲ။ သတ်စားလိုက်ရင် တကွဲတပြား သနားစရာဖြစ်ကုန်တော့မှာပဲဆိုတဲ့ အတွေးမျိုး

mgyoe.com

mgyoe.com
ကို မထားဘဲ သတ်စေဆိုတဲ့စိတ်နဲ့ ကိုယ်တိုင်သတ်ခြင်း၊ သူတစ်ပါး သတ်အောင်လုပ်ခြင်းဟာ ရက်စက်တဲ့သဏ္ဍာန်ကို မိမိ၏ စိတ်နှလုံးမှာ ဖြစ်ပေါ်အောင်လုပ်တာနဲ့ အတူတူပဲ မြသွေးရဲ့။

ဖြူဖြူနုနု နင့်ရုပ်ရည်က သနားစရာကလေးပါမြသွေးရယ်။ နင့် စိတ်ဟာ ဒါကလေးများမှ တွေးပြီး မကြင်နာတတ်တာဟာ ဘာသာခြား တရားတွေ သက်ဝင်နေသည့်အတွက်လို့ ဆိုရမှာပေါ့ဟဲ့။ ဘာသာခြား တရားတွေ မသက်မဝင်ရင် နင် အမှန်တွေးပြီး သနားမှာပဲ။ အဲဒါသာ စဉ်းစားတော့။ စိတ်နှလုံးကို ရက်စက်အောင်လုပ်တဲ့ အယူကြီးတစ်ခုကို ကောင်းတယ်ဆိုမလား။ ဘယ်လိုဆိုမလဲ။

ကျွန်မတော့ သေသေချာချာတွေးကြည့်ရင် သနားတာပဲ။

ဒီလိုဖြင့်ရင်လည်းတော်သေးရဲ့။ ဘာသာခြားလုံးလုံး မဟုတ်သေး ဘူး။ နောင် ကြာရင် ဒီသနားစိတ်ကလေးပါ ပျောက်သွားမှာစိုးရတယ်။ သည်တော့ ရုပ်က နတ်ကညာ၊ စိတ်မှာ ဘီလူး၊ မကောင်းဆိုးဝါးဖြစ် မှာပဲ။ နမြောစရာ မကောင်းပေဘူးလားဟဲ့။

မြသွေးသည် စဉ်းစား၍နေလေ၏။

ထိုည၌ သန်းခေါင်ကျော်အချိန် သူခိုး သူခိုး လိုက်ဟဲ့လိုက်လိုက်၊ ထိန်းထိန်း ဖောင်းဖောင်း၊ ဒိုင်းခနဲအော်သံ၊ မြည်သံများကို ကြားရလေ ၏။ ထိုအသံများထဲတွင် ကော့ကော့ ဖလပ်ဖလပ်ဟူသော ကြက်အော် သံ၊ အတောင်ပံခတ်သံများကိုလည်း ကြားရလေ၏။ မကြာမီ သူခိုးကို မိကြ၍ ဂတ်တဲကို ရိုက်နှက်ဖမ်းပို့ကြလေ၏။ သူခိုးရော ကြက်မကြီး ရော ဂတ်သို့ ရောက်လေ၏။

နောက်တစ်နေ့ သတင်းစာများ၌ ရန်ကုန်မြို့ စက္ကရိတေရီ သစ် တောမင်းကြီး ရုံးစာရေးကြီး ကိုဘမြင့်ကို ကြက်ခိုးမှုနှင့် အလုံဂတ်က ဖမ်းဆီး၍ ရုံးသို့ တင်ပို့လိုက်ကြောင်း သတင်းစာများ၌ ပါရှိလေ၏။

ရုံးသို့ ရောက်သောအခါ တရားခံက မိမိမှာ တစ်လ ၂၅၀ စား စာရေးကြီးဖြစ်ကြောင်း၊ ကြက်ကို ခိုးချင်လို့မဟုတ်၊ နှစ်သစ်ကူးနေ့မှာ
mgyoe.com

mgyoe.com
ကြက်မကြီးကို သတ်စားကြမှာ စိုးသည့်အတွက် ခိုးရကြောင်း၊ ယခုမှာ မိမိ အပြစ်ရသော်လည်း ဝမ်းမနည်းကြောင်း၊ ကြက်မကြီးမှာ အနည်းဆုံး ယခုနှစ်တစ်နှစ် ကြက်ကလေးများနှင့် မကွဲဘဲ ချမ်းသာစွာနေရပြီဖြစ်ကြောင်းနှင့် ထုချေရာတွင် ဖြောင့်ချက်ပေး၏။ ကြက်မကြီးလည်း သူခိုးနှင့်အတူ အချုပ်ခံရသည့်အတွက် အသက်ချမ်းသာ၍ သွားလေသည်။

တရားစီရင်ရာ၌ မြသွေးသည် ရုံးထဲကို ဝင်၍လာပြီး ဤအမှု၌ မှန်ရာကိုရောက်အောင် ကူညီသက်သေခံစရာ တစ်ခုရှိကြောင်းနှင့် ပြောသဖြင့် မေးစစ်ရာ ဘမြင့်သည် ကြက်မကြီးကို ရက်ပေါင်းများစွာကပင် ကယ်ဆယ်လိုသောစိတ် ရှိနေကြောင်း မိမိကိုယ်တိုင် သိနေကြောင်းကို သေချာစွာ အစစ်ခံသဖြင့် တရားသူကြီးက ဘမြင့်အား နောင် ဤကဲ့သို့ မလုပ်ဖို့အကြောင်း သတိပေး၍ လွှတ်လိုက်လေ၏။

ရုံးမှအပြန်တွင် မမြသွေးက ဘမြင့်ကို မြင်းရထားတစ်စင်းပေါ်သို့ အတက်ခိုင်းလေ၏။ မကြာမီ နှစ်ယောက်ယှဉ်လျက် မြင်းရထားပေါ်တွင် စကားပြော၍သွားကြရာ မြသွေးက ကိုဘမြင့် ဗုဒ္ဓဘာသာမို့ ဒီလို စွန့်တာမဟုတ်လားဟု မေးလေ၏။

ငါတို့ ဗုဒ္ဓဘာသာမှာ ဒီလိုစွန့်စားခြင်းဟာ မြတ်တဲ့အလုပ်ပဲ။ ဥရောပတိုင်းသား ဘီ–စီ လိုချင်လို့၊ ကြောင်ကလေး ခွေးကလေးကို ရေထဲဆင်းဆယ်တာမျိုး မဟုတ်ဘူး။ နောင် ဘဝတိုင်း ဘဝတိုင်း ကြင်နာတတ်တဲ့၊ မေတ္တာစိတ် ပိုမိုကြီးပြီး ဒုက္ခတွေ့သူများကို ကယ်နိုင်တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ဖို့ရန်အတွက် အထုံပါရမီကို ဖြည့်ရတဲ့အလုပ်။ သူ့ရဲကောင်းဘွဲ့ကို လိုချင်ပြီး စွန့်တာမျိုးဟာ အင်မတန် သေးသိမ်တာပဲ။ ဗုဒ္ဓဘာသာဟာ အဘယ်လောက် ထူးမြတ်တယ်ဆိုတာ အဲဒါသာ ချင့်ကြည့်တော့ မြသွေးဟု ပြောလေ၏။

ကိုဘမြင့်လို ဗုဒ္ဓဘာသာပီရင် မြန်မာလူမျိုးများ ကမ္ဘာပေါ်မှာ အထူးဆုံး အမြတ်ဆုံး ဖြစ်မှာပဲ။ ကိုဘမြင့်အတွက် ကျွန်မ ဘာသာခြား
mgyoe.com

mgyoe.com
ဖြစ်ဖို့ စိတ်မကူးတော့ပါဘူး။ ဟို အင်ဂျင်နီယာကိုလည်း မယူတော့ပါဘူး။ ကိုဘမြင့်လို အဖိုးတန်တဲ့ယောက်ျားတစ်ယောက် တွေ့လျက်နဲ့ လွှဲရှောင်ရင် မထိုက်မတန်ရာ ကျမှာပဲဟု မျက်နှာချင်း ထိလုမတတ် ကပ်ကာပြောရာ ဘမြင့်သည် မြသွေးကို ရင်ခွင်တွင်းသို့ ညင်သာစွာ ပွေ့၍သွင်းလိုက်လေသတည်း။

❂

mgyoe.com

mgyoe.com

# မွေးသမိခင်

မောင်ပွားသည် လွန်စွာလူမုန်းများသူ ဖြစ်၏။ မိခင် ဒေါ်မေမှာ ၎င်းအား တစ်ဦးတည်းသောသား ဖြစ်သဖြင့် ငယ်စဉ်အခါကစ၍ အလိုလိုက်ခဲ့သောကြောင့် ဆိုးမိုက်စော်ကား၊ လူဟူသမျှကို မိမိ၏မိခင်ကဲ့သို့ မိမိလုပ်တိုင်း ခံရသူများဟု သဘောထားကာ လွန်စွာရမ်းကားသူ ဖြစ်လေရာ လူမုန်းမများဘဲ နေနိုင်ပါမည်လား။

ဒေါ်မေသည် သားကို ခွေးသားအုပ်မကြီး ခွေးကလေးများကိုချစ်သလို ချစ်ခဲ့၏။ မောင်ပွားသည် ရုပ်ရည်ကလေး သနားကမားနှင့် ငယ်စဉ်က မခုတ်တတ်တဲ့ကြောင်ပမာ မိခင်ဖြစ်သူနှင့် ကုပ်ကုပ်ကလေး နေခဲ့သဖြင့် လူအများကပင် ချီးမွမ်းခဲ့၏။ ၎င်း၏စိတ်ရင်းမှာကားကုပ်ခြင်းသည် သူ့ရဲဘောနည်းခြင်းကြောင့် ဖြစ်လေရာ မိမိနိုင်သော မိခင်ကိုမူ ငယ်ငယ်ကတည်းက နှိပ်စက်ခဲ့၏။ မိခင်မှာ မုဆိုးမဖြစ်ရာ ဈေးရောင်း၍ ရသမျှနှင့် သားကလေးကို မွမ်းမံပြုစု ကျွေးမွေး၊ အရာရာမှာ အရေးပေးခဲ့လေ၏။ မိမိကိုယ်တိုင် အငတ်ခံပြီး သားကလေးအတွက် ကော့စမစ်တစ် အလှဆီကို ဝယ်၍ပေး၏။ အများမသိ၍ ချီးမွမ်းကြ

mgyoe.com

mgyoe.com
သည်ကို အဟုတ်ထင်ကာ သဘောကျလျက် ကျေနပ်၍ နေခဲ့လေ၏။ သားကလေးအတွက် အဘယ်ဆွေမျိုးနှင့်မျှ မတည့်သဖြင့် ကသီလင်တ နေရ၏။

သားမှာ အလိုရမ္မက်များခြင်း၊ မိမိထက်သာသော သားချင်းပေါက်ဖော်တို့ကို မနာလိုခြင်း၊ တိတ်တဆိတ် မကောင်းကြံတတ်ခြင်း၊ ကလှဲ့စား ချေတတ်ခြင်းများကြောင့် ၎င်းနှင့် မသင့်မတင့် အချင်းစကားများသည့်အခါ အကျိုးအကြောင်းကို မစုံစမ်း၊ သားပြောသမျှ စကားနှင့် တစ်ဖက်သားဖြစ်သူများအပေါ်မှာ ရန်လိုမုန်းထားလေ၏။

လူလားမြောက်သောအခါ ဆွေမျိုးထဲတွင် အောက်ကျနောက်ကျ ဖြစ်ခဲ့ရသမျှတွေကြောင့် ကလဲ့စားချေလိုသောစိတ်က လွှမ်းမိုးသဖြင့် အုံ့ပုန်းအမူအရာတွေ ကွယ်ပျောက်ကာ အတိအလင်း ရိုင်းပျယုတ်မာသော အမူအရာတို့ကို ပြ၍လာလေ၏။ တစ်နေ့သ၌ အမေကြီးအား ဟင်းမကောင်းသဖြင့် ဆူပူသောင်းကျန်း ဆဲဆိုသည်ကို အိမ်နီးပါးချင်းများ ကြားရသောအခါကျမှ အသည်းနှလုံး တုန်လှုပ်ကြလျက် မိမိတို့ချီးမွမ်းခဲ့သမျှ အကြောင်းသိကြရလေ၏။ ထိုအုံ့ပုန်းမျိုးမှာ သားချင်းပေါက်ဖော်များအပေါ်၌ စော်ကားမော်ကား ပြုတတ်သလောက် သူတစိမ်းများအပေါ်၌ ကောင်းသောအသွင်ကို ပြတတ်ကြလေရာ ဖုံးဖိ၍ မရသော ဇာတိသည် အကျောက်အကန်ပြု၍ ပေါ်ပေါက်မှသာ သိကြရလေ၏။

ယခုမှ လူလားမြောက်၍ မခံချင်သောစိတ်နှင့် ကြံစည်လုပ်ကိုင် စွန့်စား ရှာကြံခဲ့ခြင်းကြောင့် အတော်ကလေး အထောက်အခံရှိသော မိန်းမကြီးဖြစ်သူ မကြေးဥနှင့် အကြောင်းပါပြီး အိမ်ခြေရာခြေနှင့် အခြေကျကျနေနိုင်သောအဖြစ်ကို ရောက်လေရာ စော်ကားရိုင်းပျသော ဇာတိသည် အတားအဆီးမရဘဲ တက်ကြွ၍နေလေ၏။ အကြောင်းမူကား မိမိ၏အရပ်၌ အလွန်နိမ့်ကျသော ဘိန်းစားသူခိုး လယ်ထွန်သမားများသာ ရှိလေရာ အကြံသမား ဉာဏ်သမား မင်းမြှောင်စိုးကပ်အလုပ်များ
mgyoe.com

ဖြင့် မောင်ပွားသည် လူမော်ဖြစ်၍ နေလေ၏။ သို့ဖြစ်သောကြောင့် တစ်ရွာလုံး၏ မုန်းထားခြင်းကို ခံရခြင်းဖြစ်လေ၏။

မိခင်သည်ကား မိမိ၏သားကို ငယ်စဉ်အခါမှာကဲ့သို့ပင် မှတ်ထင်ကာ အနည်းနည်းအဖုံဖုံ စော်ကားခြင်းများကို ခံရသော်လည်း ရင်သွေးဟူက ချစ်မဝဆိုသည့် စကားအရ ချစ်လျက်အမြဲ သားဘက်မှ နေ၍ ခုခံလေ့ရှိလေ၏။ သို့သော်လည်း မိမိသား မကောင်းသဖြင့်လူမုန်းများသည်ကို ကြိုတ်သိသောအသိကြောင့် စိတ်ချလက်ချ ခွဲခွာ၍ မနေနိုင်ဘဲ သားအိမ်မှ ချွေးမဖြစ်သူ၏ မသဒ္ဓါရေစာကို စား၍ နေရလေ၏။ တစ်နေ့မှ မျက်နှာကောင်း မရ။ ချွေးမတစ်လှည့်၊ သားတစ်လှည့် ပြောဆိုပြုမူသမျှကိုသာ ခံ၍ နေရရှာလေ၏။ ထိုကဲ့သို့ဖြစ်သည့်တိုင်အောင် မိမိ၏သားကို အဆိုးမထင်၊ သားဖြစ်သူ၏ သဏ္ဍာန်၌ အကောင်းကိုသာ မြင်လေ၏။

တစ်နေ့သ၌ မောင်ပွားသည် မယားဖြစ်သူနှင့် ခိုက်ရန်ဒေါသဖြစ်သဖြင့် မယားဖြစ်သူ မကြေးဥမှာ အိမ်ပေါ်မှဆင်း၍သွားလေ၏။

ငါ မနေဘူး။ သွားမယ်။ ငါမွေးတဲ့မျောက် ငါ့ကိုခြောက်လို့။ ငါ့ကြောင့် နင် အခုလိုနေရတာ မဟုတ်လား။ ဆပ်ပြာကောင်းလို့ ခေါင်းပေါင်းဖြူနေတာကို နင် သိရဲ့မဟုတ်လား။ စသည်ဖြင့် ပြောဆို၍သွားလေ၏။

ထိုနေ့ညနေ မိခင်ဖြစ်သူမှာ ချွေးမ မရှိသဖြင့် သားဖြစ်သူအား ချက်ပြုတ်ကျွေးမွေးရာ ထမင်းပျော့နေသဖြင့် မိခင်အား ခင်ဗျား ဘာအသုံးကျတဲ့ အမယ်ကြီးလဲ။ အခု ကြေးဥ ထွက်သွားတာ ဘာကြောင့်လဲ သိရဲ့လား။ ခင်ဗျားကြောင့်...။ စသည်ဖြင့် ပြောဆိုရုံမက မိခင်က အနည်းငယ် ပြန်၍ပြောလေရာ ဒေါသကို မချုပ်တည်းနိုင်ဘဲ ပြုလေရာ အိမ်နီးပါးချင်းများ လာ၍ဖျင်ကြသဖြင့် အမယ်ကြီးမှာ ချမ်းသာရာရ၍ သွားလေ၏။ သို့သော်လည်း မောင်ပွားကြောင့် အမယ်ကြီးခမျာမှာ နားနှစ်ဖက်စလုံး အုံကွဲပြီး ပင်း၍သွားလေ၏။ လုံးလုံးကြီး မကြား

mgyoe.com

mgyoe.com

တော့ပေ။ သို့သော်လည်း မိခင်မှာ ထိုကဲ့သို့ဖြစ်သည်ကို ဖွင့်၍မပြော။ လုပ်ပါသားရယ် လုပ်ပါ။ အမေကပဲ လွန်မိပါတယ်။ အမေ ဝန်ချပါတယ်။ စသည်ဖြင့်သာ ပြောလေ၏။

ထိုညနေ မောင်ပွားသည် မယားကိုခေါ်ရန် သွားလေရာ မိခင်အမယ်ကြီးမှာ အိမ်စောင့်ရင်း အိမ်ရှေ့တံခါးများကို မင်းတုပ်ချ၍ အိပ်လေ၏။

ညဉ့်ကြက်ဦးတွန်အချိန်လောက်တွင် လူပေါင်း သုံးလေးယောက်သည် မောင်ပွား ပြန်လာမည့်လမ်းမှာ စောင့်၍နေကြလေ၏။

ခွေးသား၊ အသေပွဲချင်းပြီး ဒီကနေ့ည စီရင်မယ်။ လုပ်ချင်နေတာ ကြာလှပြီ။ ပုလိပ်စုတ်ကလေး၊ ရာဇဝတ်အုပ်ကလေးတွေနဲ့ ပေါင်းရလို့ သူ့ကိုယ်သူ မဟာမင်းကြီး ထင်နေတယ်။ သာအေးကြီး မရှိမဲ့ရှိမဲ့ သူ့ခများ ကစော်ကလေး ချက်ရောင်းတာ၊ သူ လက်တို့လို့ အဖမ်းခံရတာ မဟုတ်လားဟု တစ်ယောက်က ပြောလေ၏။

အေးကွယ်။ ခများမှာ တစ်နေ့မှ ငါးမူးခြောက်မူး ရရှာတာ၊ ဒဏ်ငွေငါးဆယ် အတပ်ခံရတယ်။ မယ်ညိုတို့အိမ်ကို သူခိုးလက်ထောက်ချတာလည်း ဒင်းပဲ။ ဒီကနေ့ညတော့ ဒီနေရာမှာ အသေလုပ်မယ်ဟု တစ်ယောက်က ပြောလေ၏။

သူ့အမေကြီး အခု သူ့အိမ်မှာ ရှိနေလို့ပေါ့ကွယ်။ ငါတော့ အိမ်သာ မီးနဲ့ရှို့ချင်တာပဲ။ အမယ်ကြီးက ဒီကနေ့ သူရိုက်ထားလို့ နားပင်းနေတယ်။ အိမ်မီးရှို့ရင် အမယ်ကြီး မီးထဲပါမှာ။

အေးကွယ်... ဒီကနေ့များ အမယ်ကြီးကို လုပ်လိုက်တာ...ဒီလိုသတ္တဝါမျိုး မြေပေါ်မှာထားလို့ ဘာကျေးဇူးရှိမလဲ။ ဒင်းကိုသတ်ရင် ငါတို့ ငရဲကြီးမှာမဟုတ်ဘူး။ တရားသဖြင့်စီရင်တာ ဖြစ်မှာပဲ။ ဟောဟော... ဟိုလယ်ပြင်ဘက်ကလာတာ သူမဟုတ်လား။ သတိထားနော်။ ဒီကောင် သိပ်ပါးတာ၊ မလွတ်စေနဲ့။

mgyoe.com

mgyoe.com

မောင်ပွားသည် ၎င်းတို့စောင့်စားနေသော လမ်းကြားကို ဝင်မည်ပြုပြီးမှ မဝင်ဘဲကွေ့၍ အခြားလမ်းဖြင့် သုတ်သီးသုတ်ပျာ သွားလေ၏။ စောင့်သူများလည်း သုတ်သီးသုတ်ပျာ လိုက်ကြလေ၏။ မောင်ပွားသည် ၎င်းတို့ကိုမြင်သဖြင့် ခါးတောင်းကိုကျိုက်ကာ ပြေးလေ၏။ ထိုအခါ ရန်သူများသည် အတိအလင်း လိုက်ကြလေ၏။ ဒင်းအိမ်ပေါ်ကို မရောက်မီ မိရင်တော်ပြီ။ အိမ်တံစက်မြိတ်အထိ လိုက်မယ်ဟု တစ်ယောက်က ပြောလေ၏။ အားလုံး ပြေး၍လိုက်ကြလေ၏။

မောင်ပွားသည် အပြေးမြန်သူ ဖြစ်လေ၏။ သို့သော်လည်း လိုက်သူများမှာ ၎င်းလောက်နီးနီးမြန်သဖြင့် ၎င်းကို မီလုမီခင် လိုက်ကြလေ၏ ။

မောင်ပွားသည် မိမိ၏အိမ် တံစက်မြိတ်အောက် ရောက်သောအခါ ရန်သူများမှာ ဝါးတစ်ရိုက်ခန့် ပြတ်၍ကျန်ရစ်ကြသဖြင့် ၎င်းအိမ်ပေါ်ကိုရောက်လျှင် ခက်မည်ကို သိကြသောကြောင့် ခြေကုန်လွှတ်၍ လိုက်ကြလေ၏။

မောင်ပွား တံခါးကို ထုလေ၏။ မိခင်ဖြစ်သူသည်ကား မအိပ်သေးဘဲ ဘုရားကို အာရုံစိုက်လျက်နေလေ၏။

မောင်ပွားသည် ခေါက်တံခါးကိုကန်ကာ အမေ အမေဟု ခေါ်လေ၏။

အိမ်နီးပါးချင်း ကြားကြသော်လည်း ဂရုမစိုက်ဘဲ နေကြလေ၏။ မိခင်မှာကား နားပင်း၍နေသဖြင့် မကြားရပေ။ ဘုရားကိုသာ အာရုံစူးစိုက်လျက် နေလေ၏။

မောင်ပွားသည် ဒေါသဖြစ်လျက် အမေ အမေ ဘာမကြီး ညာမကြီး စသည်ဖြင့် ပြောဆိုလျက် ဒီလောက်တောင် အိပ်ရသလားဟု ပြောဆိုကြိမ်းမောင်းလေ၏။ ကြိမ်းမောင်းရင်း ထုရိုက်လေ၏။ နားပင်းသော အမယ်ကြီးသည်ကား လုံးလုံးကြီး မကြားသဖြင့် မိမိ၏သား ဘေးရန်အန္တရာယ်အယုက် မတွေ့ရဘဲ ချမ်းချမ်းသာသာ အိမ်ကိုပြန်၍

mgyoe.com

ရောက်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့၍နေလေ၏။ အကြောင်းမူကား ထိုအခါ အတော်ညဥ့်နက်သဖြင့် သားအတွက် အတော်ပင်စိုးရိမ်၍ နေလေ၏။

မောင်ပွားသည် ထုရိုက်အော်ခေါ်၍ မရသောအခါ သာလွန်စိတ်ဆိုးလျက် မိခင်ကို တအားခေါ်အော်၍ ဆဲလေ၏။ ထိုအခိုက် ရန်သူများရောက်၍လာပြီး အမေဆဲတဲ့ခွေးသား ခွေးလိုသေဟုပြောကာ တစ်ယောက်က ဦးခေါင်းကို ဝါးရင်းတုတ်နှင့် တစ်ချက်ချလိုက်လေရာ မောင်ပွားသည် တံစက်မြိတ်၌ တစောင်းလဲကျလေရာ အခြားလူများက ဝါးချွန်များနှင့် ရင်ဘတ်ကျောအားတို့ကို ဆောင့်ကာ စိစိညက်ညက်ကြေအောင် ထိုးကြလေ၏။ အမေကြီးသည်ကား အဝေရာဟော၌လျှ အဗျာပဇ္ဇာဟော၌လျှစသည်ဖြင့် အေးချမ်းသာယာစွာ အသံကျယ်ကျယ်နှင့် မေတ္တာပို့လျက် နေရှာလေသတည်း။

mgyoe.com

mgyoe.com

# ကြည့်ဆပ်

မီးရထားမှာ ရန်ကုန်မှ ပြည်သို့သွားသော သန်းခေါင်အနေးရထား ဖြစ်လေရာ ဒုတိယတွဲမှာ ဘဆိုင်အပြင် မိန်းမပျို အသက်နှစ်ဆယ် အရွယ်ခန့်ကလေးနှင့် အသက် လေးဆယ်ကျော်ငါးဆယ်ခန့်ရှိ မိန်းမ ကြီးတစ်ယောက်သာ ပါရှိလေ၏။

ဘဆိုင်မှာ ရန်ကုန်ဘူတာမှ စ၍စီး၏။ အခြားနှစ်ယောက်မှာ အင်းစိန်မှ တက်ကြလေ၏။ မိန်းကလေးမှာ ဘဆိုင်၏စိတ်တွင် မိမိ တစ်သက်၌ တစ်ကြိမ်တစ်ခါမှ မမြင်ဖူး မကြုံဖူးသော ရုပ်မျိုး ဖြစ်လေ ၏။ အသားမှာ ညိုညို၊ အရပ်နှင့် ကိုယ်မှာ မနိမ့်မမြင့် မထူမပါးမပြား မလုံး အလှကြီးလှသည်ဟု မဆိုနိုင်သော်လည်း ၎င်းကို မြင်လိုက်သည် နှင့် မြစ်ဆိပ်ကမ်းနား မြို့တစ်မြို့၌ ပွင့်၍နေသည်ကို မြင်ခဲ့ဖူးသော ခွာညိုပန်းကလေးကို သတိရလေ၏။ သို့ဖြစ်လေရာ မြင်လျှင်မြင်ချင်း၊ ဝင်းဝါတောက်ထိန်သော အလှသာမဟုတ်။ သည် ညိုညိုညက်လခြမ်း နဖူးနှင့် ဝိုင်းဝိုင်းစက်စက်မျက်နှာကလေးများမှာ တကယ်ချစ်ဖို့ကောင်း ပါကလား(အသားဖြူ မြင်းတပြေး) ဒါကလေးမျိုးကျတော့ ကြည့်လေ ကောင်းလေပါကလားဟု အောက်မေ့စိတ်ဇော မကော်မောခြင်း ဖြစ်၍ နေရှာလေတော့သတည်း။

mgyoe.com

mgyoe.com

ၚင်းတို့ သားအမိနှစ်ယောက် ရထားတွဲထဲသို့ တက်လာသော အခါ ဘဆိုင်အပါးက ပွတ်သွားကြသဖြင့် နှာဝကို စွတ်သွားသော ကာနင်ဂါရေမွှေး အရိုးခံကလေးမှာ ကမ္ဘာပေါ်၌ အတုလံအောင် ထူးမြတ်လေစွတကားဟု အောက်မေ့မိလေ၏။

ထိုသို့ဖြစ်သောကြောင့် သားအမိနှစ်ယောက် စကားပြောကြ ည့် အခါ ကြားရသော သူငယ်မကလေး၏ အသံမှာကား အေးချမ်းကြည်လင် လွန်စွာသန့်ရှင်းစင်ကြယ်သော ရင်ဝမှ ထွက်၍လာသော သနားဖွယ် ချစ်ဖွယ်ရာအသံကလေးဖြစ်သဖြင့် ဘဆိုင်မှာ ရေငတ်သဖြင့် လင်မနစ်ဝယ်၍သောက်မည်ဟု ကြံနေသောအကြံကိုပင် မေ့လျော့ခဲ့လေပြီ ဖြစ်ကြောင်းတကား။ ချမ်းမြေ့သော ထိုအသံကလေးကြောင့် သူ့မှာ ရေငတ်ပြေ၍ သွားလေ၏။ အဲသည်အချက်မှာ လွန်ကဲစွာဆိုခြင်း မဟုတ်။ ဘဆိုင်ကိုယ်တိုင်က မိမိမှာ ဤအတိုင်း တကယ်ဖြစ်ခဲ့ရကြောင်း သူ့သူငယ်ချင်းတစ်ယောက်အား ပြောပြသဖြင့် သိရလေ၏။

အမူအရာ ဝတ်ပုံဆင်ပုံ၊ မျက်နှာထားပုံ၊ ပြောဆိုပုံမှစ၍ ပါ၍လာသော ခြင်းကလေး သားရေအိတ်ကလေး ကိုင်ထားသော လက်ကိုင်ပဝါ၊ ပတ်ထားသော လက်ပတ်နာရီ၊ ထုံးသော ဆံထုံး စသည်တို့၏ ပေါင်းစုခြင်းသည်လည်း အမေကြီး၏ ရုပ်ရည်နှင့် စပ်ဟပ်ယှဉ်တွဲလိုက်သောအခါ အထက်တန်းစားပဲဟု သိရလေ၏။

ဘဆိုင်၏စိတ်၌ ငါ ၚင်းကို မြင်လျှင်မြင်ချင်း ဒီလောက်တောင် ဖြစ်ရခြင်းဟာ အဘယ်ပွိုင့်၊ အဘယ်အချက်ကြောင့်ပဲဟု သေချာစွာ အမှတ်တမဲ့ မသိမသာ အနုစိတ်လျက် စစ်ဆေးလေ၏။ သို့စစ်ဆေးရခြင်းဖြစ်ရာ များစွာ မလွယ်လှပေ။ အကြောင်းမူကား ကြည့်မှန်းမသိအောင် ကြည့်ရလေရာ ၚင်းညိုချောမကလေး၏ လှပကျယ်ဝန်းသော မျက်လုံးနှစ်လုံးတို့မှာ စန်ဒလီနှစ်ယောက်ကဲ့သို့ ရှိနေကြလေ၏။ဘဆိုင်၏ မျက်လုံးများကလည်း ထိုစန်ဒလီနှစ်ယောက် လစ်သည့်အခါတိုင်း နယ်နိမိတ်ကို ဖြတ်ကူးလေ၏။

mgyoe.com

mgyoe.com

သို့လျှင်မြန်စွာ ဖြတ်ကူးရာ၌ပင် တစ်ခါတစ်ခါ ရင်ဆိုင်တိုးမိကြလေရာ စက္ကန့်ခြောက်ဆယ် တစ်မိနစ်ခန့်နီးနီး ယှဉ်ပြိုင်တိုက်ခိုက်လျက် ကစားကြရလေ၏။ ထိုကဲ့သို့ ကစားရာတွင် သူငယ်မလေး စန်ဒလီ မျက်လုံးများ၏ အရိပ်အရှိန်နှင့် ဘဆိုင်မျက်လုံးအရှိန်တို့သည် ဒိုင်ဗင် ပစ်၍ ဝင်ဆောင့်ကြလေ၏။ သို့ဝင်သည့်အခါ အကြည့်ကို လွှဲဖယ်ရင်း အကျီရင်စေ့ပေါ်တွင် ဖုတ်ခနဲ ကျ၏။ သို့သော်လည်း ကတ္တီပါမှိအုံး ခံ၍ထားသလို ဖြစ်နေသောကြောင့် မနာရုံမက အရသာထူး ရှိသည်ဟု မှတ်ထင်ရ၏။

သို့စုံစမ်းရာ ၎င်းကတ္တီပါဖုံခံသော ရင်ပေါင်ကြောင့် စွဲခြင်းလား၊ ထိမှန်ပြီး ဒလိမ့်ခေါက်ကွေးကျစေသော တင်ပါးကလေးများကြောင့် တပ်ခြင်းလား၊ ပြည့်ဝပြေချော ဖြောင့်စင်းသွယ်ဖြူသော ပေါင်များ ကြောင့် မက်ခြင်းလား၊ ညွတ်ပျောင်းသော လက်မောင်းများကြောင့် စွဲခြင်းလား၊ လှသောဦးခေါင်းကြောင့် ငြိခြင်းလား၊ ဖြူစင်တောက်ပ ညီလှသောသွားများကြောင့် မိခြင်းလား၊ မျက်ခုံးနှာတံ ပြုံးရန်ဟန်ပြင် ၍နေသည်နှင့်တူသော ပြည့်သောနှုတ်ခမ်းကလေးများကြောင့် ထိခြင်း လား စသည်ဖြင့်။ ဉာဏသမ္ပယုတ်နှင့်ယှဉ်ကာ ဆေဖန်စိတ်ဖြာ၍နေလေ ရာ အချက်တိုင်း ပြောစရာမရှိ။ ဘာကြောင့်ရယ်လို့ မသိရ၊မချိလှအောင် ထိရှသော နှလုံးမှာ အချစ်ညှော်င့်စူးသည်ကိုသာ သိရရှာလေတော့ သတည်း။

ရင်းဘရန့်၊ ဗျန်ဒိုက်၊ ဦးဘန်း စသည့် ပန်းချီကျော်တို့၏ကားများ ၌ ကောင်းသောအချက်အလက်ကလေးတွေကို သိနိုင်မြင်နိုင်သော အလုပညာရှိများအား ဤရူပါရုံမျိုးကို ပြရလျှင် အပြောရခက်လျက် သွက်ချာတော လည်ကြတော့မှာပဲဟု ဘဆိုင်၏စိတ်၌ တွေးမိလေ၏။ ရိသဲ့သဲ့ ပြော၍ဖြစ်သော အစားမျိုးထဲကလည်း ဟုတ်မည်မထင်။ အဘယ်ပုံ စရမည်ကို ဝတ်လုံညဏ်ရှိသမျှနှင့် အတွင်တွေးပြီး လင်း တေး–လေးတင်လျက် နေလေသတည်း။

mgyoe.com

mgyoe.com

မီးရထား သွားသည်ကိုလည်း မသိ။ ရပ်သည်ကိုလည်း မသိ။ ဘာကိုမှ သတိမထားနိုင်အောင်ဖြစ်လျက် မျက်လုံးများမှာလည်း ပြည်မြို့ရောက်လျှင်ရောက်ချင်း အရေးကြီးသောအမှုအတွက် ရုံးမှာ ကိစ္စများဖို့ ရှိသဖြင့် အိပ်မပျက်ရအောင် အိပ်မပဟဲ့ဟု အောက်မေ့ခဲ့ရာ ကြောင်အိုကြီးနှင့် ခြောက်၍သိပ်တောင် အိပ်တော့မည့်လက္ခဏာ မရှိ။ မိန်းမကြီးမှာ တစောင်းခွေလျက်နေရာ မိန်းကလေးမှာ မိခင်၏တင်ပါးကို မှီရင်း မဂ္ဂဇင်းတစ်အုပ်ကို ဖတ်ရာမှ တစ်ခါတစ်ခါ စူးစိုက်၍နေသော ဝတ်လုံတော်ရ၏ မျက်နှာကို ဝင်းခနဲဝင်းခနဲ လှန်၍ကြည့်ပြီး လျင်မြန်စွာ စာကိုသာ ပြန်၍စိုက်နေလေ၏။ '

ခက်ပါဘိတော့တယ်၊ ငါ ဘယ်ပုံစရပါ့မလဲ၊ ဘာစာဖတ်သလဲဟု မေးလျှင် တော်မလား၊ ဘယ်ကိုသွားမလဲမေးရင် နေရာကျပါ့မလား၊ ဘယ်ကလဲလို့မေးရ ကောင်းမလား စသည်ဖြင့် တွေးဆလျက် နေလေ၏။ ဘဆိုင်မှာ သက်သေများကို ပြန်လှန်စစ်ဆေးရာ၌ အရှိုက်ကိုထိုး၊ အငိုက်ကိုချိုးတတ်သော်လည်း အချစ်နှင့်ပတ်သက်ရာမှာ ဤလိုအခြင်းနခြင်းကြောင့် လူပျိုကြီးအဖြစ်နှင့် အစင်းသားနေခဲ့ရသည်မှာ သုံးဆယ်ကျော်ခဲ့လေ၏။

သည်တစ်ခါမှာကား လူ့ဘဝ၏ ရတောင့်ရခဲ အဖြစ်မျိုးဖြစ်လျက် လူ၏ဖျင်းပုံကို နှလုံးက မခံချင် ဒေါပွလျက် ရင်ဝမှာ ရုန်းရင်းဆန်ခတ်ဖြစ်၍နေလေ၏။

ခက်နေပါပြီ။ ဒီလိုနဲ့များ ဘူတာတစ်ခုခုမှာ ဆင်းသွားရင် အမှန်တော့ ခက်တော့မှာပဲ။ ရေငတ်တုန်း ရေပုံးကြီး ပြတ်ကျတဲ့ ရေတွင်းကခရီးသည်လို ဖြစ်တော့မှာပဲ စသည်ဖြင့်တွေးခိုက်မှာ ဘူတာတစ်ခုမှ အင်္ဂလိပ်ကပြားနှစ်ယောက် တက်၍လာပြီး နီရဲသောမျက်လုံးများဖြင့် သုံးယောက်သားကို မတ်တတ်ရပ်ကာ ခါးထောက်၍ ကြည့်[illegible]လေ၏။ မိမိ၏ နေအိမ်ထဲသို့ မဆိုင်သူ ဝင်ရောက်၍နေသည်ကို တွေ့ရသော

mgyoe.com

အမူအရာမျိုးနှင့် ကြည့်ခြင်းဖြစ်လေရာ ဘဆိုင်မှာ ဒေါသနှင့် နှစ်ယောက်စလုံးကို ကျားလိုအုပ်ချင်စိတ် ပေါ်သည်ကို ချုပ်၍ထားရလေ၏။

ငင်းနောက် ညိုချောမကလေးကို မြင်ကြမှ ပြုံးသလိုမျက်နှာထားပြီး သားအမိနှစ်ယောက် ရှိသောဘက်မှာ ထိုင်ကြလေ၏။ ဘရန်ဒီပုလင်းကို ဒဗလျူစီနံရံမှာ ကပ်၍ ထောင်ထားကြ၏။ အရက်နံ့မှာမွှန်၍သွားလေ၏။

ဘဆိုင်မှာ အိပ်ဟန်ဆောင်လျက် မော့ကာ နောက်ကိုမှီ၍နေရင်း ၎င်းတို့ပြောသော စကားများကို နားထောင်၍နေလေ၏။

မြန်မာမျက်နှာထဲမှာ ဒါမျိုး ရှားတယ်။

မြန်မာနဲ့ မတော်ဘူး။ သခင်များအဖို့ ဘုရားဖန်တီးတာပဲ။

မြန်မာမျက်နှာ မဟုတ်ဘူး။ မြန်မာနဲ့ မတူဘူး။

မြန်မာမဟုတ်ရင် ခင်းဗျားတို့က ဘာလို့ပြောချင်သလဲဟု ဘဆိုင်က ငေါက်ခနဲ ခေါင်းထောင်၍ မေးလေ၏။

သူငယ်မကလေးကလည်း ကျွန်မ မြန်မာအစစ်ပါ။ ကပြားမဟုတ်ပါဘူးဟု ဘဆိုင်ကိုကြည့်ကာ ပြုံးလျက် အင်္ဂလိပ်လိုပြောရာ ဘဆိုင်က ခေါင်းညိတ်လေ၏။ အင်္ဂလိပ်ကပြားနှစ်ယောက်က မင်းကို ငါတို့ စကားမပြောဘူး။ မင်းမှာ ဒုတိယတန်းလက်မှတ် ရှိသလားဟု ပြောလေ၏။

ဆိုင်။ ။မင်းတို့မှာကော ရှိသလား။

ဒါ မင်းနဲ့မဆိုင်ဘူး။

ဆိုင်။ ။ခင်ဗျားတို့က လက်မှတ်စစ်လား။

လက်မှတ်စစ် မဟုတ်ဘူး။ ငါတို့ အစိုးရအရာရှိများဖြစ်တယ်ဟု တစ်ယောက်က ပြန်၍ပြောလေ၏။

ဆိုင်။ ။မင်းတို့ အစိုးရအမှုထမ်းသားပေမဲ့ ငါ မင်းကို အရေးမစိုက်နိုင်ဘူး။

mgyoe.com

mgyoe.com

မင်းက အရေးမစိုက်ပေမဲ့ ငါ့လက်သီးက ဟောဒီလို မင့်ကိုအရေးစိုက်တယ်ဟု တစ်ယောက်က ပြောရင်း ဘဆိုင်ကို လက်သီးနှင့်ထိုးလေ၏ ။

ဘဆိုင်သည် အချစ်စကားနှေးသော်လည်း လက်ဝှေ့ထိုးကောင်းကျောင်းသားဖြစ်ခဲ့ဖူးသည့်အပြင် နပန်းလည်း အတန်ကျင်လည်သဖြင့် နှစ်ချက်ဆင့်ကာ လက်သီးစွမ်း ပြန်ပြလေရာ အင်္ဂလိပ်ကပြားက ထ၍ပြေးဝင်လာ၏။

ထိုအခါ ဘဆိုင်သည် ဘရန်ဒီပုလင်းကို ဆွဲပြီးကပ်လာသော အခြားတစ်ယောက်၏ မျက်နှာကို တီးလိုက်လေ၏။ မျက်နှာအတီးခံရသူမှာ အင်္ဂလိပ်လိုဆဲဆိုရင်း မျက်နှာကိုပိတ်လျက် ပက်လက်လဲကျလေ၏။ တစ်ယောက်က ဝီစီကိုမှုတ်၍ ရထားရပ်အောင် ကြိုးကိုဆွဲလေ၏။

ထို့နောက် ရုန်းရင်းဆန်ခတ်ဆက်၍ဖြစ်ရာ ပုလိပ်များရော၊ ပထမတန်းက အင်္ဂလိပ်များရော၊ ကပြားဂတ်ဗိုလ်၊ လက်မှတ်စစ်၊ ဖလိုင်းစကွပ်တွေပါ ရောက်လာကြပြီး ဖျင်ကြလေ၏။ အင်္ဂလိပ်တစ်ယောက်၏ မျက်နှာမှာ စုတ်ပြတ်လျက်၊ တစ်ယောက်မှာ လဲ၍နေသည်ကိုတွေ့ကြရလေရာ လဲသူကို စီး၍ထိုးနေသော ဘဆိုင်ကို တွဲထဲမှ ဆွဲချ၍သွားကြလေ၏။ ဘဆိုင်မှာ စိတ်အတော်ခက်ထန်သူဖြစ်ရာ ဖဲယားဖိုက်ကို နားမလည်၊ ကျားလိုဖြစ်၍နေလေ၏။ မီးရထားအောက်သို့ ရောက်သောအခါ ဝိုင်း၍ထိုးကြ၊ ရိုက်ကြလေရာ ဘဆိုင်မှာ အဘယ်ပုံဖြစ်၍သွားသည်မသိ၊ နောက်တစ်နေ့နံနက် မိုးလင်းမှ သတိရသောအခါ ဆေးရုံသို့ ရောက်၍နေသည်ကို သိရလေတော့သတည်း။

မိမိ၏ ဦးခေါင်းကို စမ်း၍ကြည့်သောအခါ ပတ်တီးတွေ စည်းထားသည်ကို သိရလေ၏။ ထိုအခါ ပြန်၍စဉ်းစားသောအခါ ညက ဖြစ်ပျက်ခဲ့သမျှကို ပြန်၍ သတိရပြီး ညိုညိုချောချောမိန်းမလှကို ဖျတ်ခနဲ မြင်လေ၏။ သို့သော်လည်း စိတ်အပျက်ကြီး ပြန်ပျက်၍သွားလေ၏။ အကြောင်းမူကား တွေ့ရတော့မှာမဟုတ်ဘူးဟု တွေးမိလေ၏။

mgyoe.com

ဟော..နိုးလာပြီ၊ မေမေ နိုးလာပြီဟု ပြောသောအသံကလေးကို ကြားရ၍ အားယူကာထလိုက်ရာ ခေါင်းရင်းဘက်မှ ကွေ့၍လာပြီး ကျောကိုဖက်ကာ ခုတင်ပေါ်၌ တစောင်းထိုင်သော မိန်းမပျိုကလေး၏ ပြုံးရွှင်သော မျက်နှာသည် မိမိ၏မျက်နှာကို စိုး၍ကြည့်နေသည်ကို တွေ့ရလေသတည်း။

ဝတ်လုံတော်ရမင်း၊ တော်တော်နေကောင်းရဲ့လားဟု ပြုံးချိုစွာ မေးလေ၏။

ဘာမှ မဖြစ်ပါကလား။ ဒါ ဘာဆေးရုံလဲ။

လက်ပံတန်းဆေးရုံပါ။ ကျွန်မတို့လည်း စိတ်မချလို့ ပြည်ကို ဆက်မသွားဘဲ ဆင်းနေကြရတယ်။အခုဝတ်လုံတော်ရမင်းဖြစ်ကြောင်း ကို စုံစမ်းလို့ သိကြပါပြီ။ ဝတ်လုံတော်ရမင်းကို မတရားသဖြင့် ဝိုင်း ရိုက်တဲ့ လက်မှတ်စစ်တွေ၊ ဂတ်ဗိုလ်တွေကို အခု အာမခံနဲ့ လွှတ်ထား တယ်။ ကံကောင်းလို့ မြန်မာရာဇဝတ်ဝန်ထောက်ကလေးတစ်ယောက် ညကပါလို့ပေါ့။ သူတို့က လက်သည်မရှိ၊ ဒဏ်ရာမရှိ၊ အစတုံးလုပ် မလို့ ကြံတာ။

ဟိုအကောင်နှစ်ယောက်ကော။

အလကား မီးရထားခိုးစီးတဲ့ ကြမ်းပိုးတွေ။ ဒီအကောင်နှစ်ကောင် ကို ချုပ်ထားတယ်။ တစ်ယောက်က ယစ်မျိုးဘက်က အလုပ်ပြုတ်တဲ့ အကောင်တဲ့။ ဟိုညက ဝတ်လုံတော်ရ မရှိရင် ဒီအကောင်နှစ်ကောင် ဟာ မူးယစ်ပြီး ကျွန်မတို့ကို ဘယ်လိုများ ရန်ရှာမယ် မသိဘူး။ လူဆိုး တွေလို့ ကြားတာပဲ။

အခုလို ဂရုစိုက်တဲ့အတွက် ဒီတစ်သက်မှာ ကျေးဇူးတင်လို့ဆုံးမှာ မဟုတ်ပါဘူးဟု ပြောရင်း မိန်းမပျို၏လက်ကို ဆုပ်ကိုင်လေရာ မိန်းမပျို က ငြိမ်လျက်နေလေ၏။

ကျွန်မတို့ကလည်း အများကြီး ကျေးဇူးတင်ဖို့ ရှိပါတယ်။
mgyoe.com

mgyoe.com

ကျုပ်အသက် ချမ်းသာတဲ့အတွက် ဘယ်သူ့ကို ကျေးဇူးတင်ရမလဲ။

မောင်ရင့်ကို ဘောင်းဘီဝတ်တွေ မှောင်ထဲမှာ ဝိုင်းလုပ်နေကြတော့ မောင့်နှမက မီးရထားတွဲတွေ ရှိသမျှမှာ မြန်မာတွေကို လိုက်နှိုးခေါ်တာပဲ။ ကံအားလျော်စွာ စုံထောက်ဘက်က ဝန်ထောက်ကလေးတစ်ယောက်ကို မောင့်နှမက နှိုးမိလျက်သားဖြစ်နေတာကလား။ တခြားမြန်မာတွေကတော့ ဘာကပ်ဝံ့မလဲ။ ဆင်းရဲသား ခရီးသည်တွေပေကိုး။ အကြောင်းလဲ မသိကြ။ ဘောင်းဘီဝတ် မီးရထားအရာရှိတွေဆိုတော့ ကြောက်ရွံ့ကြတာပေါ့။

ဒီလိုဖြင့် ဒီကျေးဇူးကို ဒီတစ်သက်မှာ ဆပ်လို့ ဘယ်ကုန်နိုင်တော့မှာတုန်းခင်ဗျာဟု ပြောလေရာ မိန်းမကြီးက မောင်ရင်ကြည့်သာဆပ်ပါတော့လေ။ အဒေါ် သမီးတော့…ဟု ပြုံးလျက်ပြောပြီး ထွက်၍သွားလေ၏။

ထိုနေ့နံနက် ပြည်မြို့ရှိအမှုကို သံကြိုးနှင့် ရက်ချိန်းတောင်းပြီး ရန်ကုန်သို့ ပြန်ကြရာ အင်္ဂလိပ်ကျောင်းဆရာမကလေး မလှစိန်သည် မိခင်နှင့်အတူ ဘဆိုင်ကို ရန်ကုန်သို့ ပြန်၍ပို့ကြရာမှ ပြည်မြို့သို့ ပြန်ခွင့်မရဘဲ နေကြလေတော့သတည်း။

mgyoe.com

mgyoe.com

# ငယ်ကအချစ်

ဦးလောကသည် မြစ်ကူးတို့ဆိပ်၌ရပ်ကာ တစ်ဖက်ကမ်းကို ရှုမျှော်၍နေလေ၏။ ထိုရှုမျှော်နေစဉ် တစ်ဖက်ကမ်း၌မြင်ရသော အဆောက်အဦများသည် နှင်းမြူတွေ ဖုံးသလို ဖုံးအုပ်ပျောက်ကွယ်၍ သွားလေ၏ ။

ထိုနောက် စိမ်းစိုသောသစ်ပင်များနှင့် ကိုင်းတောကြီးများသည် လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်ခန့်အခါမှာ မြင်ခဲ့ရသည်နှင့် မခြား ထင်ရှားပေါ်ပေါက်၍လာလေ၏။

အနိစ္စ၊ အနိစ္စ၊ အနိစ္စဝတသင်္ခါရာဟူသော တရားကို ဆင်ခြင်လျက် တောင်ဝှေးကို အားပြု၍မှီကာ ပုတီးကိုစိတ်ရင်း မှေးမှိန်သော မျက်လုံးများမှာ မှိုင်းဝေ၍လာလေသတည်း။

ဦးလောကသည် သက်တော် ၇၀ ခန့် နီးသော်လည်း စာပေများမှာ မတတ်၊ ပရိယတ်ကို မလိုက်စားနိုင်။ အချစ်ဆိုတဲ့ ပင်လယ်၌ သင်္ဘောပျက်ကာ လွင့်ပါပြီး သာသနာ့ဘောင်သို့ ရောက်ခဲ့သဖြင့် စာပေကျမ်းဂန်အစား တရားကိုသာ အားထုတ်ခဲ့ရရှာလေ၏။

mgyoe.com

mgyoe.com

ထိုနေရာသို့ နောက်ဆုံးရောက်ခဲ့သည်မှာ နှစ်ပေါင်းလေးဆယ် ကျော်ခဲ့သော်လည်း တစ်ကြိမ်တစ်ခါမျှ ပြန်၍မရောက်။ ယခု ပြန်၍ ရောက်သောအခါ၌ကား ဟိုရှေးအခါက မြင်ခဲ့ရသော အခြေအနေ မဟုတ်တော့ပေ။ အချိန်တည်းဟူသောလက်သည် ကြီးကျယ်သော ပြောင်းလဲခြင်းကို ပြုခဲ့လေ၏။

ထိုစဉ်အခါက ဤဘက်မှ ဟိုဘက်သို့ ဤလရာသီအချိန်မျိုးမှာ လှေငယ်ကလေးကို ကိုယ်တိုင်လှော်၍ ကူးခဲ့ရ၏။ ထိုအခါ၌ လှေဦးမှာ မိမိဘက်ကို လှည့်ကာထိုင်လျက် ကြည်လင်တောက်ပ ချစ်ဖွယ်ရာ ကောင်းလှသော အမူအရာ သာယာသောအသံစကား ပြုံးရွှင်သော နှုတ်ခမ်းကလေးများ အကြည်လုံးဆိုက်နေသော မျက်နှာထားနှင့် အား ပေးသောမျက်နှာတစ်ခုသည် ကွင်းကွင်းထင်ပေါ်၍ လာလေသတည်း။

မိုက်တုန်း၊ ရူးတုန်း၊ ချစ်တုန်း၊ ပျော်တုန်းအရွယ် ဖြစ်ခဲ့လေရာ ယခုကဲ့သို့ သွေ့ခြောက်အိုမင်း ရှုံ့တွခြင်းအဖြစ်မျိုးကို အနည်းငယ်မျှ မတွေးမခေါ် မမြော်မမြင်၊ ထင်သလို ပျော်ရွှင်ခဲ့ရသောအခါ ဖြစ်ခဲ့လေ ၏ ။

ဟိုဘက်ကမ်း ကိုင်းတောကြီး၌ တဲကလေးနှင့် မြစ်ရေစပ်သို့ဆင်း သော လမ်းကြောင်းကွေ့ကွေ့ကောက်ကောက်ကလေးသည် တရေး ရေး ထင်ပေါ်၍လာလေ၏။

မိုးသက်လေတို့သည် အနောက်တောင်ဘက်မှ ထောင့်တန်း တက်လျက် လှိုင်းကြက်ခွပ်တို့သည် လှေကလေးကို အတင်း ဗလက္ကာရ ဝှေ့ရမ်း၍ ကစားကြလေရာ လှေဦး၌ရှိသောမျက်နှာမှာ လင်းရာမှ မှိုး တိမ်ပမာ မင်းညိုသန်းလျက် ကိုဘိုးဖေရဲ့ မြန်မြန်လှော်ပါ၊ ကြောက်လှ ချည်ရဲ့၊ ကျွန်မတို့တဲကလေးကို ရောက်မှရောက်ပါဦးမလားဟုကြောက် ရွံ့စွာပြောသော အသံကလေးကို ကြားယောင်ယောင်ရှိလေ၏။

ထိုအခါသည်ကား ဝေးခဲ့ချေပြီ။ လွန်ခဲ့ချေပြီ။ ပျောက်ခဲ့ချေပြီ။ နှစ်ပေါင်းလေးဆယ်ကျော် အခါကာလသည် ထိုထိုအခါသမယ၌ ရှိခဲ့

mgyoe.com

mgyoe.com

သမျှသော အခြေအနေတို့ကို သင်ပုန်း၌ရေးခြယ်ပြီး ချေဖျက်သလို ဖျက်ခဲ့လေ၏။

ဤလောကကြီး၌ ဖြစ်ပျက်တွေ့ကြုံသော အခြေအနေတို့သည် ဤယခုကောင်းကင်၌ မြင်ရသော တိမ်ရုပ်တိမ်သဏ္ဌာန်တို့ကို ရိုက်နှင်ဖြိုဖျက် လွင့်စင်အောင်နှက်သောလေနှင့် တူလှပေသည်တကား။ အနိစ္စ၊ အနိစ္စ အမြဲမရှိပါတကား။

ဤလောကလူတို့၏ တိုတောင်းသောဘဝမှာ ဘဝပေါင်းများစွာ ပြောင်းလဲခြင်းတွေ ဖြစ်ခဲ့ရပေသည်။ ထိုအခါသမယ၌ တောင့်တင်းကြောလျက်၊ လှော်တက်ကို စက်ကုန်နှင်ခဲ့၍ ဟိုတစ်ဖက်ရေစပ်မှ ကိုင်းတောလမ်းကလေးတစ်လျှောက်၊ ကမ်းထိပ်ရှိ တဲကလေးသို့ရောက်အောင် မယ်အိုကို ပွေ့ချီကာ တင်ဆောင်ခဲ့သော ငါ၏လက်မောင်းတို့သည် ယခုအခါ ဇရာဖိထောင်း အချိန်ညောင်းသဖြင့် ပျောင်းပျော့ယိုယွင်း၊ အိုမင်းခြောက်ကပ်၊ ပါးလုပ်လှုပ်ရှား၊ ပျားစလက်များလို ပြားပိန်၍ လာကြလေပြီ။ မယ်အိုဆိုတဲ့ သူ့ခမျာမှာ အခုနှယ်အခါ ဘယ်ရပ်ဘယ်ရွာ ဘယ်ဆီမှာဟု ရှိပါလေလား၊ လွန်လေလား၊ ငါကားမသိ၊ ထင်ရှားသာ ထင်ရ၍ မြင်ရပုံမရှိ၊ တွေ့ဖို့ရန် ဝေးလှပေတော့၏တကား။ အနိစ္စ၊ အနိစ္စ၊ အနိစ္စ။

ထိုစဉ်သမယ တွေ့တုန်းခါက ကွေကွင်းကြ၍ ဝေးရမည့်တာ ဤခေတ်ခါကို ဘယ်မှာမြင်မိ၊ တွေးမကြည့်၊ ကြုံမည်မထင်၊ မြဲအစဉ်၊ ပျော်ရွှင်လျက်သာ နေဖို့ရာကို၊ မျှော်ကာကြည်နူး၊ စိတ်ဝယ်မြူးထူးသည့်အခြေ၊ ဤလူ့ပြည်၊ နတ်မြေပေလား၊ မှတ်ထင်မှား၊ ကိုးစားယုံကြည်၊ အချစ်ကို တည်ထင်လျက်၊ အတည်ပင် ဖွဲ့မက်ခဲ့လေသည်။ ဘယ်ဆီခုခါ အတွေ့နှင့် ပျော်သမျှတွေဟာ အတွေ့၌ မရှည်ကြာ၊ ဘယ်ဆီမှာ ပျောက်ကြ၍ ဘယ်နေရာ ရောက်ကြပါကုန်သနည်း။ အနိစ္စ၊ အနိစ္စ၊ အနိစ္စ။

mgyoe.com

mgyoe.com

စသဖြင့် ဦးလောကသည် ဘဝတစ်ပါး၌ တွေ့ကြုံဖြစ်ပျက်ခဲ့ရသည့်အကြောင်းအရာတို့ကို ပြန်၍ထင်မြင်သည့်အလား မြစ်တစ်ဖက်ကမ်း၌ မရှိသောကိုင်းတောနှင့် မရှိသောလမ်း၊ မရှိသောတဲကလေးကို ထင်မြင်၍ နေလေ၏။

သို့ထင်မြင်ရာ ညနေချမ်းချိန်အခါမို့ ဆူညံစွာ ရေသို့ဆင်းကြသည့် ယောက်ျားမိန်းမတို့၏ အသံများကို ကြားရသောအခါ အိပ်မက်မှ နိုးသည့်အလား၊ မြစ်တစ်ဖက်ကမ်းမှ တကယ်ရှိနေသော အိမ်ခြေရာခြေအဆောက်အဦတို့နှင့်၊ မြူးရွှင်စွာ မီးခိုးတို့ကို ကောင်းကင်သို့ လွှတ်လျက်နေသော စပါးစက်ကြီးများကို မြင်ရရှာလေတော့သတည်း။

ဦးလောကသည် လူ့ဘဝ၌ အချစ်ဆိုသည့်နှလုံးရောဂါကိုတစ်ခါသာ ရဖူးလျက်၊ ထိုရောဂါမှာ အဘယ်အခါမှ ရှင်းရှင်းမပျောက်၊ မအိုး၏မိဘများက အထင်လွဲပြီး သမီးနှင့်သမက်ကို ချစ်တုန်း ကြင်နာတုန်းမှာ ဖြုန်းခနဲခွဲလိုက်ရာ သုံးမိုးတိတိ မအိုးနှင့် ပြန်၍တွေ့ရနိုးနိုး မျှော်ကိုးလျက် မအိုး၏မိဘများရွာမှ မခွာဘဲ ကိုင်းအလုပ်ကို လုပ်ခဲ့လေ၏။ သို့လုပ်ရာတွင် မအိုးကို တစ်ခါတစ်ခါ မြင်ရုံသာမြင်ရ၍ မတွေ့ရဘဲနေလေရာ နောက်ဆုံး၌ လုံးလုံးကြီး စိတ်ကိုလျှော့ကာ အောက်အရပ်သို့ လွင့်ပါးခဲ့ပြီးလျှင် ပျောက်အောင်ကုသရန် ဆေးမတွေ့သော ဤနှလုံးရောဂါမှ သက်သာရာရစေဟု သာသနာ့ဘောင် ဝင်ခဲ့ပြီးနောက် နှစ်ပေါင်းများစွာ တရားကို အားထုတ်ခဲ့သဖြင့် ထိုဝေဒနာမှ သက်သာရာတစ်မျိုး ရခဲ့လေ၏။

သို့ဖြစ်လေရာ ထိုနေရာသို့ ပြန်၍လာဖို့ရန် မတွေးမခေါ် မမြော်မမြင်ဘဲလျက် အကြောင်းတစ်ခုနှင့် ပတ်သက်၍လာခဲ့ရာ ကံအားလျော်စွာ မိမိ၏ဘဝ၌ အပျော်ဆုံးဖြစ်ခဲ့သော အချစ်ဇာတ်လမ်းတည်ရာ ထိုနေရာသို့ ရောက်လာသောအခါ တကယ်မပျောက် ငုပ်လျက်မြုပ်၍နေသော ရောဂါသည် တစ်အုံလုံးကြွကာ ပေါ်ပေါက်၍လာလေရာ အိုမင်းဆွေးမြေ့သော ကိုယ်ခန္ဓာ၊ အရိုးစုအသားစု သွပ်ချောင်ချောင်မှာ နုပျို

mgyoe.com

mgyoe.com
သော ဟိုစဉ်အခါ အချစ်၏ပူးကပ်ခြင်းကိုခံရသောအခါ ချည့်နဲ့သော လူမမာကို ဆင်ရိုင်းကြီးနှာမောင်းနှင့်ပတ်ကာ ဝှေ့ရမ်းသလို ဖြစ်ရရှာသဖြင့် မသက်မသာ ဘုန်းတော်ကြီးအိုဇရာမှာ ထိုနေရာတွင် အရိုးအဆစ်တွေပြုတ်ပြီး ဘုတ်ကောင်ပမာ ပုံလျက်သာ ကျရတော့မည်ကဲ့သို့ ဖြစ်ရှာလေတော့သတည်း။

သို့သော်လည်း ဤမျှလောက်ကြာစွာ ငါနေနိုင်ခဲ့ရာ တစ်စုံတစ်ရာမျှ မဖြစ်။ အခုမှ ငါ၏စိတ်သည် အဘယ်နည်းဖြင့် ဖောက်ပြန်ရန် ရှိပါသနည်း။ မယ်အိုလည်း ရှိတော့မှာ မဟုတ်၊ ရှိတောင် အိုနာရှုံ့ကုန်း ဇရာနှိပ်လို့ ကိုယ်ပြားတွေ အလိပ်လိပ်ထ ကုန်းကွရွတ်တွ စိတ်ပျက်စရာကြီး ဖြစ်နေမှာမို့ မက်စရာ ဘာမှရှိမှာမဟုတ်ပါတကား။ အနိစ္စ၊ အနိစ္စ၊ အနိစ္စဟု ပုတီးစိပ်ရင်း ကူးတို့လှေကို မျှော်၍နေလေ၏။

ထိုအခိုက် မိန်းမကြီးနှစ်ယောက်သုံးယောက် ဟိုဘက်သို့ကူးရန် အထုပ်အပိုးများနှင့် ရောက်လာလေရာ ရတနာသုံးပါးကို ကြည်ညိုလေးစားသူတို့၏ အလေ့အတိုင်း ရေဆိပ်၌ ထိုင်စရာမရှိသဖြင့် မတ်တတ်နေရသော ကိုယ်တော်ကြီးကို မြင်ကြရသောအခါ အသက် ၅၀ ကျော်ခန့်ရှိ မိန်းမကြီးတစ်ယောက်က ဖျာလိပ်ကို ဖြေကာခင်းပြီး ဘုန်းကြီး၏ရှေ့၌ ပုဆစ်ဒူးတုပ်ကာ ဖျာပေါ်သို့ရောက်သွား သီတင်းသုံးနေတော်မူရာ ဒကာမကြီးများနှင့် စကားပြောရာတွင် စကားတစ်လုံးနှင့် ပတ်သက်ပြီး မိန်းမကြီးတစ်ယောက်က ဖျာခင်းပေးသော မိန်းမကြီးအား နာမည်ကိုတပ်ကာ မအိုဟု ခေါ်ပြောသည်ကို ဦးလောက ကြားရသဖြင့် သွေ့ခြောက်ပါးကပ်သော ရင်အတွင်း၌ မြင်းအကောင်နှစ်ဆယ်ကဆုန်ဆိုင်းသလိုဖြစ်ပြီး ဒေါ်အိုကို သေချာစွာကြည့်လိုက်ရာ ဇရာထောင်းသဖြင့် အကြောင်းထင်သောမျက်နှာ ကွယ်ပျောက်ကာ လှေပေါ်၌ မြင်ခဲ့ရသော နှစ်ပေါင်းလေးဆယ်ကျော်အခါက သဏ္ဌာန်သည် တဖြည်းဖြည်းပေါ်၍လာသဖြင့် ဒကာမကြီး ဟိုအရင် အနှစ်လေးဆယ်လောက်အခါက ဟိုဘက်ကမ်းမှာ အခုလို စက်တွေ၊ အိမ်တွေ မရှိဘူး။
mgyoe.com

mgyoe.com
ကိုင်းတောကြီးလို့ ဘုန်းကြီးထင်တာပဲ။ ဘုန်းကြီး ဒီနေရာကို ရောက်ဖူးတယ်ထင်လို့ မေးတာပါ။

မှန်ပါ့ဘုရား။ တပည့်တော်မများလည်း ဒီအရပ်က ဆေးနေတာ အတော်ကြာသွားပါပြီဘုရား။

ဒီကိုင်းတောထဲက တဲကလေးတစ်ခုကို ဒကာမကြီးများ မှတ်မိသေးရဲ့လား။

ဒကာမကြီးသည် တစ်ဖက်ကမ်းသို့ လှမ်းမျှော်၍ကြည့်ပြီး မျက်လုံးများမှာ ဝေ၍လာလေ၏။ ထိုနောက် ဘုန်းကြီး၏မျက်နှာကို သေချာစွာ ကြည့်လေ၏။ အတန်ငယ်ကြာလျှင် ပိန်ခြောက်သောရင်မှာ အသက်ဝင်၍လာလေ၏။ အိုသဖြင့် ညှိုး၍နေသောမျက်နှာမှာ စိုပြည်၍လာလေ၏။

သြော်... ဦးလောကကိုယ်တော်ကြီး ထင်ပါတယ်ဘုရားဟု လျှောက်ထားလေ၏။

ဒကာမကြီး ဘုန်းကြီးဘွဲ့ကို ဘယ့်နှယ်သိသလဲ။

ဂရုစိုက်နားထောင်စုံစမ်းလို့ သိရတာပေါ့ဘုရား။

စုံစမ်းသွားလာနိုင်တဲ့ အခြေအနေလည်း ရှိပေလို့သာ အခုလို သိအောင် တတ်နိုင်တာပဲ။

ဒေါ်အိုသည် ဣန္ဒြေလုပ်သော်လည်း မရတော့ပေ။ သင်္ကန်းစောင်အနီနှင့် မျက်နှာကိုသုတ်ပြီး ဘုရားတပည့်တော်မလည်း လူကြီးမိဘ နေရာချထားလို့ သူတော်ကောင်းနဲ့တွေ့ပြီး ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံဆိုသလို ရှိခဲ့ပါတယ်ဘုရား။ သည့်နောက် တပည့်တော်မ လိုက်ပြီးစုံစမ်းတော့ ဦးလောကရယ်လို့ ကြားသိရတဲ့အတွက် ဖျက်ဆီးရာကျမှာစိုးပြီး အဝေးကသာ မေတ္တာပို့ခဲ့ရပါတယ်ဘုရား။

နှစ်ယောက်သား အတန်ကြာ ဆိတ်ငြိမ်စွာနေကြပြီးမှ ဦးလောကက ဒီလိုအချိန်ပဲ မိုးသက်လေတွေလာတုန်းက ဒကာမကြီး အတော်ကြောက်သွားသနော်။
mgyoe.com

mgyoe.com

ဟိုတုန်းက မိုက်မိုက်ရူးရူး အင်မတန် အားကိုးပါတယ်ဘုရား။ ကြောက်ရမှန်း မသိပါဘူး။

ဒါထက် ဟိုစက်ဟာ ဘယ်သူ့စက်လဲ။

ကိုင်းတောနေရာကလေး ရှိပါသေးတယ်ဘုရား။ ဒီစက်ကို ဝယ်လိုက်ပါတယ်ဘုရား။

နို့ တဲကလေးကော။

တဲကလေးတော့ မရှိပါဘူးဘုရား။ တဲထက်ကောင်းတဲ့အိမ် ရှိပါတယ်။ တပည့်တော်မမှာလည်း အုပ်ချုပ်မယ့်လူမရှိ။ အိုမှ ဝန်ကြီး ပိုနေတာပဲ။

ထိုအတွင်း ကူးတို့လှေ ရောက်၍လာရာ အားလုံးကူးကြပြီးနောက် နှစ်ယောက်စလုံး စိတ်တူသဘောတူဖြစ်လျက် ခွဲရမည့်အရေးအတွက် အခက်ကြုံ၍ နေကြလေ၏။ ထိုညဉ့် ဒေါ်အိုရ်၏အိမ်၌တည်းခိုပြီး နံနက်မိုးလင်း၍ ဦးလောက ခရီးဆက်ရန် အသင့်ရှိသောအခါ ဦးလောက၏မျက်နှာမှာ မသက်မသာဖြစ်သည်ကို ဒေါ်အို သိမြင်လေ၏။ ထိုအခါ ဒေါ်အိုကိုယ်တိုင် ချုပ်တည်း၍မရဘဲ ကိုယ်တော် သွားဖို့ရန် အရေးမကြီးသေးရင်လည်းဘုရား... ဟု ပြောလေ၏။

ဦးလောကသည် စဉ်းစားသလိုလုပ်၍နေပြီးမှ အရေးတော့လည်း တယ်ပြီးမကြီးပါဘူး။ ဆရာတော် မှာလိုက်တဲ့ကိစ္စလည်း တဖြည်းဖြည်းစုံစမ်းပြီး စာလှမ်းရေးလိုက်ရင် ပြီးနိုင်ပါတယ်။ သို့သော်လည်း ... အင်း....

ဒီလိုဖြင့်လည်း တဖြည်းဖြည်းစုံစမ်းတာပေါ့ဘုရားဟု ဒေါ်အိုက ပြောလေ၏။

အင်း... ဒါလည်း ဖြစ်နိုင်တာပါပဲဟု ဘုန်းကြီးက ပြောလေရာ၊ ဒေါ်အိုသည် နှစ်ပေါင်းအစိတ်လောက် ပြန်၍ငယ်သလို ဖြစ်သွားကာ လတ်ဆတ်ရွှင်လန်း ဖျတ်လတ်စွာ ဆွမ်းရေးအတွက် ချက်ပြုတ်ရန် ပျာပျာသလဲ ဆူဆူညံညံ စီမံရာလေ၏။

mgyoe.com

mgyoe.com

ထို့နောက် ဦးလောကသည် ဦးဘိုးဖေ ပြန်၍ဖြစ်ရသည့်တိုင် အောင် အတည်တကျ သိတင်းသုံးရှာလေတော့သတည်း။

mgyoe.com